# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၆၄)၊ ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂-၂-၂၀၂၄၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ STS Forward Co.,ltd. နို့စားနွားမွေးမြူရေးခြံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေးအတွက် သတ်မှတ်ထားသည့် နို့စားနွားကောင်ရေပြည့်မီအောင် မွေးမြူရေး၊ တိရစ္ဆာန်အစာပင်များကို စိုက်ကွက်အလိုက် အလှည့်ကျရိတ်သိမ်း ကျွေးမွေးနိုင်ရေးနှင့် သန့်ရှင်းရေး၊ လုံခြုံရေး၊ ခြံလုပ်သားများနေထိုင်ရေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ စနစ်တကျစီမံဆောက်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ နို့စားနွားမများ၊ နွားသားပေါက်များ မွေးမြူထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဒုဋ္ဌဝတီမြစ်အနီးတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျွန်းဦးဆိုလာစနစ်ရေတင်စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်လျှင် သီးနှံသုံးသီးစိုက်ပျိုးကြရန်နှင့် အခြေအနေပေးသည့် လယ်မြေ၌ စပါးနှစ်သီးနှင့် တောင်သူစိတ်ကြိုက်သီးနှံတစ်မျိုး စိုက်ပျိုးရန် တိုက်တွန်းပြောကြားသည်။

စဉ့်ကိုင်မြို့နယ် ညွှေ့ပြကျေးရွာအုပ်စုရှိ ကျွန်းဦးကျေးရွာနှင့် ညောင်ပင်သာကျေးရွာများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နေကြသော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်းနှင့် မိုးခေါင်ခြင်းတို့ကြောင့် နှစ်စဉ် မိုးတစ်သီးသာစိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ထွန်းအောင်မြင်မှုမရှိခြင်း၊ မကြာခဏပျက်စီးဆုံးရှုံးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေကြရမှုအပေါ် ဖြေရှင်းပေးနိုင်ရေး၊ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်နှင့် ၁၆၀ ကီလိုဝပ် ရေတင်ပန့်သုံးလုံးတပ်ဆင်ပြီး ဒုဋ္ဌဝတီမြစ်မှ ရေတင်ယူ၍ ရေပေးမြောင်း ၆ ဒသမ ၇ မိုင်၊ တူးမြောင်းအဆောက်အအုံ ၈၅ ခုမှတစ်ဆင့် စိုက်ပျိုးမြေဧက ၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေကာ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ချောင်းမကြီးမျိုးသန့်ခြံရှိ ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာစိုက်ပျိုးမှုတိုးတက်လာစေရန် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းမြင့်မားသော နေကြာမျိုးစေ့များ တောင်သူများအသုံးပြုစိုက်ပျိုးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

အထက(၂၄)ကျောင်းသား၊ ကျောင်းသူဟောင်းများ ၁၉၇၈-၁၉၇၉ ခုနှစ်၏ အာစရိယပူဇော်ပွဲအခမ်းအနား (ဆောင်းပါး)

စာမျက်နှာ ၁၄

မူဟာရီမိုဗစ်အား ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စား

စာမျက်နှာ ၁၅

၂၀၂၆ ခုနှစ် ၊ ဖေဖော်ဝါရီ ၂ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာ မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

ယနေ့ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမဏ္ဍိုင်သည် Digital Transformation ဖြစ်ပြီး AI စသော ထွန်းသစ်စ ဒစ်ဂျစ်တယ်နည်းပညာများသည် အံ့မခန်းလျင်မြန်စွာ ပြောင်းလဲတိုးတက်လာနေပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း Agro-based Industries ၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေးတို့တွင် ဒစ်ဂျစ်တယ်နည်းပညာကို အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံ ၂၀၃၀ ပါ သက်ဆိုင်ရာ မဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များပြည့်မီအောင် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလများအတွင်း ပြီးမြောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည့် ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာ မြှင့်တင်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော ပြည်သူ့အခြေပြု ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးအတွက် စံနှုန်းပြည့်မီသော ဒစ်ဂျစ်တယ်လူငယ်ပညာရှင်များ စဉ်ဆက်မပြတ် ပျိုးထောင်ပေးသွားရမည်ဖြစ်သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်ဖန်တီးမှုများကို အခြေခံသည့် စွန့်ဦးတီထွင် ဂေဟာရပ်ဝန်းတစ်ရပ် ပေါ်ပေါက်လာစေရေး၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော ပြည်သူ့အခြေပြု ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးအတွက် စံနှုန်းပြည့်မီသော ဒစ်ဂျစ်တယ်လူငယ်ပညာရှင်များ စဉ်ဆက်မပြတ် ပျိုးထောင်ပေးသွားရန်၊ နည်းပညာအရွေ့များကို လိုက်မီသော AI၊ Cybersecurity နှင့် Digital Citizenship သင်တန်းများ၊ Digital Ethics အသိပညာပေးပွဲများ မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ပအဖွဲ့အစည်းများ ဖြစ်ကြသော UMFCCI၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှ ဥက္ကဋ္ဌများက မဟာဗျူဟာပန်းတိုင်များ ပြည့်မီစေရေး လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒစ်ဂျစ်တယ်စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် AI အသိပညာပေးပွဲများ ကျင်းပသွားနိုင်ရေး၊ ကောက်ယူပြီးသော ဒစ်ဂျစ်တယ်စစ်တမ်းများနှင့် သုတေသနပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဒေသအကျိုးပြု ဒစ်ဂျစ်တယ်နှင့်ပတ်သက်သည့်လုပ်ငန်းများကို ဟန်ချက်ညီညီပေါင်းစပ်၍ နိုင်ငံ့အကျိုးပြု ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်နိုင်သည်အထိ နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းတို့မှ Digital Stakeholders များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

(၁) ပန်းအလှပြပြင်ခြင်းပြိုင်ပွဲ၊
(၂) ပန်းအလှပင်ပြိုင်ပွဲ၊
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
(၄) အရွက်အလှပင်ပြိုင်ပွဲ၊
(၅) ရွက်လှပင်ပြိုင်ပွဲ၊
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)၊
(၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
(၂၂) ဟင်းသီး အသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ဦးဝင်းအောင်စိုးသည် ဦးဇင်လင်းကျော်၊ ဦးအောင်ချမ်းငြိမ်း၊ ဦးမြတ်စိုး၊ မနန်းယုယဦးတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ၁၉၁ ကိုက်ကွာဝေးသော ကျင်းအမှတ်(၈)သို့ ဂေါက်သီးအမျိုးအစား Titleist-2 ကို ဂေါက်တံအမျိုးအစား HONMA S-09 IRON-6 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့သည်။

တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ဦးဝင်းအောင်စိုးအား Myanmar GOLF မှ လက်ဆောင်ဆုနှင့် ဝမ်းသာမြန်မာကုမ္ပဏီမှ Cash Coupon ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၀-၀-၀-၀-၀

(ကဆ)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ ၆၃ လမ်း၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်(၄၄၈)၊ စစ်-မန်းလမ်းနှင့် ၈၆ လမ်းထောင့်တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၆၃လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ပလက ရပ်ကွက်၊ မိုးထိအောင်စည်ရိပ်သာအနီး၊ ရန်-မန်းလမ်းတို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၂လမ်းထောင့်နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံအနောက်၊ တရုတ်တန်းလမ်း၊ ပန်းဘဲတန်းရပ်တို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ နိုင်ငံတော်အလံများ ဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် ကြိုဆိုကြသည်။ **(အောက်ပုံ)**

ဦးစွာ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်းအတွင်း ကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြောကြားရာ၌ ယခုကြားနာမှုမှာနောက်ဆုံးအဆင့် နှစ်ဖက်စုံညီ လျှောက်လဲကြားနာမှုဖြစ်ပြီး အမှု၏ အရေးအကြီးဆုံးအဆင့်ဖြစ်ပါကြောင်း၊ ထိုအမှု၏ အရေးကြီးပုံကို အားလုံးလည်း သိရှိပြီးဖြစ်ပါကြောင်း၊ တရားရင်ဆိုင်မှုတွင် သရေမရှိ၊ ပူးတွဲချန်ပီယံမရှိဘဲ အနိုင်၊ အရှုံး နှစ်မျိုးသာရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ထိုအမှုတွင် မည်သို့မျှ အရေးနိမ့်၍မဖြစ်သည့်အတွက် မိမိတို့တစ်ဖွဲ့လုံး ကျားကုတ်ကျားခဲ ကြိုးစား၍ ရင်ဆိုင်ထုချေ လျှောက်လဲခဲ့ကြပါကြောင်း၊ မိမိတို့အဖွဲ့ဆိုရာတွင် မြန်မာနိုင်ငံမှ သွားရောက်ရင်ဆိုင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့နှင့် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာရှေ့နေအဖွဲ့များ အတူတကွပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ အမှုရင်ဆိုင်ခဲ့သည့် ရက်ပေါင်း ၂၀ တွင် အချိန်လု၍ ဆောင်ရွက် ခဲ့ကြရပါကြောင်း၊ မိမိတို့အဖွဲ့သည် နေ့မအား၊ ညမနား ကြိုးပမ်းလုပ်ဆောင်ကြရပါကြောင်း၊ တချို့နေ့ရက်များတွင် ညလုံးပေါက်မနားတမ်း ဆောင်ရွက်ခဲ့ကြရပါကြောင်း။

အမှန်တကယ်တွင် ထိုအမှုမှာ ရက်ပေါင်း၂၀ သာ အပြင်းအထန်လုပ်ခဲ့ရသည်မဟုတ်ဘဲ မိမိတို့လုပ်ငန်းအဖွဲ့သည် အမှုတွင် ခိုင်ခိုင်မာမာ တုံ့ပြန်ချေပနိုင်ရန် ၅ နှစ်ခန့် ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြရပါကြောင်း၊ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးလည်း ကြုံခဲ့ရပါကြောင်း။

ယင်းအနေအထားမှ နောက်ဆုံးကြားနာမှုတွင် မိမိတို့ပင်ပန်းခဲ့ရကျိုးနပ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်သာမက အချက်အလက်ပိုင်းဆိုင်ရာမှာပါ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံနှင့် အချိန်မီပြုစုတင်ပြလျှောက်လဲနိုင်ခဲ့ပါကြောင်း။

ပထမဆုံး ကျေးဇူးတင်လိုသည်မှာ အမှုနှင့်ပတ်သက်၍ အစမှ အဆုံးတိုင် မိမိတို့အဖွဲ့အား ယုံယုံကြည်ကြည်ဖြင့် တာဝန်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

အလားတူ အမှုတစ်လျှောက်လုံး ငါးနှစ်တာကာလနှင့် နောက်ဆုံးတိုက်ပွဲ ရက် ၂၀ အထိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အစစအရာရာ အနစ်နာခံ၊ အပင်ပန်းခံ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် မိမိ၏ရဲဘော်ရဲဘက် ICJ လုပ်ငန်းအဖွဲ့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှင့်အတူ မိမိတို့၏ အဖြစ်မှန်ကို နားလည်သိရှိ၍ မိမိတို့ဘက်မှ စေတနာအပြည့်ဖြင့် ဝတ်ကျေတမ်းကျေ မဟုတ်ဘဲ ခုခံကာကွယ် လျှောက်လဲပေးခဲ့သည့် နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့၌ သွားရောက်တရားရင်ဆိုင်ခဲ့ရသည့် အကြိမ်တိုင်းတွင် အစစအရာရာ အဆင်ပြေစေရန် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည့် မြန်မာသံရုံး ဘရပ်ဆဲလ်မှ သံရုံးဝန်ထမ်းများ၊ တစ်ထောက်နားခဲ့သည့် လေဆိပ်များတွင် လာရောက်ကူညီခဲ့ကြသည့် သံရုံးဝန်ထမ်းများ၊ မိမိတို့ ဥပဒေစစ်မြေပြင် ရှေ့တန်းတွင် တိုက်ပွဲဝင်နိုင်စေရန် မြန်မာနိုင်ငံအတွင်းမှ အချက်အလက်များကို ပြည့်ပြည့်စုံစုံရအောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ မီဒီယာများနှင့် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ရဲဘော်ရဲဘက်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးသဖြင့် မိမိတို့ ICJ ဆိုင်ရာ မြန်မာအဖွဲ့ကို ရင်ထဲ၊ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးခဲ့ကြသည့် အမိမြန်မာပြည်မှ ပြည်သူလူထုကြီး တစ်ရပ်လုံးကို မိမိတို့အဖွဲ့က အစဉ်ထာဝရ ကျေးဇူးတင်နေမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက မိမိတို့နှင့်အတူ အားပေးရပ်တည်ခဲ့မှုသည် မိမိတို့အတွက် အဖိုးမဖြတ်နိုင်သည့် ခွန်အားဖြစ်ခဲ့ပါကြောင်း၊ ပြည်သူပါသည့်ဘက်က စစ်နိုင်သည်ဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြီးတစ်ခုလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့် အခက်အခဲမဆို၊ ကြမ်းတမ်းသည့် စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံး မျှော်လင့် တောင့်တနေကြသည့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အားလုံးစည်းလုံးညီညွတ်မှုနှင့် ရွှေရောင်အနာဂတ်ကို အတူတကွ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း။

မကြာခင် ပေါ်ပေါက်လာတော့မည့် နိုင်ငံတော်၏ အခင်းအကျင်းအသစ်နှင့်အတူ မိမိတို့ချစ်သည့် မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် ရည်မှန်း၍ မိမိတို့အားလုံး နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို တက်တက်ကြွကြွ သီဆိုကာ မိမိတို့၏ နိုင်ငံချစ်စိတ်ကို ပြသပေးကြပါစို့ဟု မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာ သီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မော်တော်ယာဉ်တန်းဖြင့် ပြန်လည်ထွက်ခွာရာ လမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ဗီနိုင်းပိုစတာများ ကိုင်ဆောင်ပြီး နိုင်ငံတော်အလံများ ဝှေ့ယမ်းကာ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် ကြိုဆိုထောက်ခံကြောင်း ပြသခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုကြစဉ်။



## ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေး အသိပညာပေးဆွေးနွေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပသည့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၉၈၉) ခုနှစ်မှ စတင်၍ (၂၀၂၅)ခုနှစ်အထိ ကာကွယ်ဆေးထိုးလုပ်ငန်း၏ အောင်မြင်မှု မှတ်တိုင်များ၊ အထူးဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့မှုများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများ၊ ပုံမှန်ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များ၊ အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးထိုး လွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ဗီဒီယိုဖွင့်လှစ်ပြသခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကာကွယ်ဆေးထိုးနှံတိုက်



ကျွေးသောကလေးများအား လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# လူပုဂ္ဂိုလ်ကို တရားစွဲတာနဲ့ နိုင်ငံကို တရားစွဲတာက မတူပါဘူး။ နိုင်ငံကို တရားစွဲတဲ့ကိစ္စကို တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသူ နိုင်ငံသား ပြည်သူလူထုတွေက ဒီနိုင်ငံသားတွေဖြစ်တဲ့အတွက် တညီတညွတ်တည်း ကန့်ကွက်ရမယ်၊ တညီတညွတ်တည်း ဒီကိုယ်စားလှယ်အဖွဲ့ကို အားပေးထောက်ခံရမှာ ဖြစ်ပါတယ်

**ဦးခင်မောင်ကျော်ဒင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ လာရောက်ကြိုဆိုခဲ့ကြသူများထဲမှ တွေ့ဆုံမေးမြန်းထားသူများ၏ ပြန်လည်ဖြေကြားထားသည်များကို ဖော်ပြလိုက်ပါသည်-

**တွေ့ဆုံမေးမြန်း - ကျော်ကျော်၊ ကိုကိုဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**


ဦးခင်မောင်ကျော်ဒင်


မဖြိုးသီရိကျော်


ဦးဝဏ္ဏ


အုန်းသီး


မောင်ရောင်စဉ်ထွန်း


မောင်ကျော်သူဇော်

**ဦးခင်မောင်ကျော်ဒင်**
**(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)**

ဂမ်ဘီယာက စွဲဆိုတဲ့အမှုကို မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာ သွားပြီးတော့အမှုရင်ဆိုင်ခဲ့တယ်။ ရက် ၂၀ လောက်ကြာတဲ့အမှုမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုတွေ၊ လျှောက်လဲမှုတွေကို လေးစားဂုဏ်ပြုတဲ့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနဲ့ လာရောက်ဂုဏ်ပြု ကြိုဆိုတာဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံ့အကျိုးစီးပွားကို ကာကွယ်ခဲ့တဲ့အတွက် ထောက်ခံတဲ့အနေနဲ့ ကျွန်တော်တို့လည်း တစ်သားတည်းရပ်တည်ပါတယ်။ လူပုဂ္ဂိုလ်ကို တရားစွဲတာနဲ့ နိုင်ငံကို တရားစွဲတာက မတူပါဘူး။ နိုင်ငံကို တရားစွဲတဲ့အတွက် တစ်နိုင်ငံလုံး မှာရှိတဲ့ နိုင်ငံသူနိုင်ငံသား ပြည်သူလူထုတွေက ဒီနိုင်ငံသားတွေဖြစ်တဲ့အတွက် တညီတညွတ်တည်း ကန့်ကွက်ရမယ်၊ တညီတညွတ်တည်း ဒီကိုယ်စား လှယ်အဖွဲ့ကို အားပေးထောက်ခံရမှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်ဆိုရင်တော့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပါလို့ရတယ်၊ မပါလို့လည်း ရတယ်။ အခုက နိုင်ငံကိုတရားစွဲတဲ့ အတွက် ပြည်သူလူထုတွေအနေနဲ့ ပါကိုပါရမှာဖြစ်ပါတယ်။

**မဖြိုးသီရိကျော်**
**(သဃာန်းကျွန်း ပညာရေးဒီဂရီကောလိပ်)**

ကျွန်မအနေနဲ့ကတော့ ကိုယ့်ရဲ့နိုင်ငံအတွက် မတရားစွပ်စွဲခံရတာကို မြန်မာကိုယ်စားလှယ်အဖွဲ့က အပြည်ပြည်ဆိုင်ရာ တရားရုံးမှာသွားပြီး ဖြေရှင်းပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ သဃာန်းကျွန်းပညာရေးဒီဂရီကောလိပ်က ကျောင်းသားကျောင်းသူ ၅၀၀ လောက်လာပြီး ဂုဏ်ပြုကြိုဆိုတာပါ။ တခြားကျောင်းက ကျောင်းသားကျောင်းသူတွေလည်း လာရောက်ကြိုဆိုတယ်လို့ သိရပါတယ်။ အခုလိုမျိုး ကိုယ့်နိုင်ငံအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့က ဖြေရှင်းပေးပြီး ပြန်ရောက်လာကြတာကို ကြိုဆိုရတဲ့အတွက် မြန်မာအမျိုးသမီး တစ်ယောက်အနေနဲ့ ဂုဏ်ယူမဆုံးဖြစ်ပြီး ဝမ်းသာမိပါတယ်။

**ဦးဝဏ္ဏ**
**[ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)အဖွဲ့]**

နိုင်ငံကို ကိုယ်စားပြုပြီး အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)မှာ သွားရောက်ဖြေရှင်းခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံ့ဂုဏ်သိက္ခာကို ကယ်တင်နိုင်အောင်လို့၊ ကမ္ဘာ့အမြင်မှာ မြန်မာက အကြမ်းဖက်နေတယ်ဆိုတဲ့ အမြင်တွေကို ပျောက်ကွယ်သွားအောင် အမှန်တရားတွေကို ဖော်ထုတ်ပေးတဲ့ ကိုယ်စားလှယ်အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အကြမ်းဖက်နေတယ်ဆိုပြီး ဝါဒဖြန့်နေတာတွေကို ဒီလိုမျိုးအမှန်တရားတွေကို သိမြင်လာအောင်လို့ သွားရောက်ပြီးတော့ ဖြေရှင်းတာဖြစ်ပါတယ်။ အခုလို ICJတရားရုံးမှာ ရဲရဲဝံ့ဝံ့ ပြောကြားပြီး ဖြေရှင်းပေးခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

**အုန်းသီး**
**(ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ)**

ကျွန်တော်တို့နိုင်ငံအတွက် ကာကွယ်ပေးတဲ့ ပုဂ္ဂိုလ်၊ နိုင်ငံအတွက် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပေးတဲ့ ပုဂ္ဂိုလ်တွေကို လာရောက်ကြိုဆိုတာပါ။ ICJမှာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့ အဖွဲ့သွားရောက်ချေပတဲ့အပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့အဖွဲ့က ဉာဏ်ပညာတွေ၊ အတွေ့အကြုံတွေ ကျွန်တော်တို့ထက်အများကြီးရှိပါတယ်။ ကျွန်တော့်အနေနဲ့ သုံးသပ်ရမယ်ဆိုရင် သူများနိုင်ငံကိုလည်း ကျွန်တော်တို့ ဝင်ရောက်မစွက်ဖက်ဘူး၊ ကျွန်တော်တို့ နိုင်ငံကိုလည်း ဝင်ရောက်မစွက်ဖက်စေချင်ဘူး။ ကျွန်တော်တို့ အေးအေးချမ်းချမ်းပဲနေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို ပြောချင်တာကတော့ မိမိနိုင်ငံကို မိမိချစ်ကြပါ၊ ကိုယ့်နိုင်ငံ သာယာမှ ကျွန်တော်တို့ ပြည်သူလူထု ဘဝလဲသာယာမှာ ဖြစ်ပါတယ်။

**မောင်ရောင်စဉ်ထွန်း**
**(ရန်ကင်း ပညာရေးဒီဂရီကောလိပ်)**

ကျွန်တော်တို့နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ တရားမျှတတဲ့ အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းပေးခဲ့ကြပြီး ပြန်လည်ရောက်ရှိလာကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုရတဲ့အတွက် ရန်ကင်းပညာရေးဒီဂရီကောလိပ် မိသားစုအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ လူငယ်တိုင်း လူငယ်တိုင်းမှာ ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး အစရှိတဲ့ နိုင်ငံတော်ရဲ့သမိုင်းပေးတာဝန်တွေကို လူငယ်တွေအနေနဲ့ နောင်တစ်ချိန်ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစကောင်းမှ အနှောင်းသေချာ ဆိုသလိုမျိုးပဲပေ့ါ။ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ အခုကတည်းကနေစပြီး နိုင်ငံတော်ရဲ့ ကိစ္စရပ်တွေမှာ တစ်ထောင့်တစ်နေရာကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းသာယာဝပြောရေး အတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ အခုအပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းခဲ့တဲ့အမှုက လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို စွဲဆိုခြင်းမဟုတ်ဘဲ နိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့အမှုဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ အမြင်နဲ့ပြောရမယ်ဆိုရင် နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ကိုယ့်နိုင်ငံ ရဲ့ လွတ်လပ်ခွင့်ဆိုတာရှိပါတယ်။ အခုအမှုကို သွားရောက်ဖြေရှင်းပေးခဲ့တဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။

**မောင်ကျော်သူဇော်**
**(ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ)**

အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)မှာ ဖြေရှင်းပြီး ပြန်လည်ရောက်ရှိလာတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက် ဂုဏ်ပြုကြိုဆိုရတဲ့အတွက် လူငယ်တစ်ယောက်အနေနဲ့ ဝမ်းသာမိပါတယ်။ အခု ဂမ်ဘီယာနိုင်ငံက မဟုတ်မမှန်စွပ်စွဲပြီး တရားစွဲဆိုတာကို ရဲရဲဝံ့ဝံ့နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က ဖြေရှင်းခဲ့တာကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်တွေကိုပြောချင်တာကတော့ အွန်လိုင်းပေါ်က သတင်းတု၊ သတင်းမှားများကို နားမယောင်ကြဘဲ အမိမြန်မာနိုင်ငံတော် ပကတိအခြေအနေကို သေချာသုံးသပ်ပြီး အမှန်ကိုသိမြင်နိုင်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

---

## တရားမဝင်ဆေးဝါးများ၊ သုံးစွဲရန်မသင့်သည့် အလှကုန်များ၊ တရားမဝင်အစားအသောက်များအား မီးရှို့ဖျက်ဆီး

**မန္တလေး ဖေဖော်ဝါရီ ၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏လမ်းညွှန်မှုဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေး(FDA)နှင့် မှုခင်းရဲတပ်ဖွဲ့ (CID) တို့ပူးပေါင်း၍ ဖမ်းဆီးရမိသော တရားမဝင်ဆေးဝါးများ၊ စံမညီဆေးဝါးများ၊ သွင်းကုန်ထောက်ခံချက်မရှိသည့် တရားမဝင် အစားအသောက်များ၊ သုံးစွဲရန် မသင့်သည့် အလှကုန်များ မီးရှို့ဖျက်ဆီးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ အေးရိပ်ငြိမ် သုသာန်တွင် ပြုလုပ်ကြသည်။

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏လမ်းညွှန်မှုဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေး(FDA)နှင့် မှုခင်းရဲတပ်ဖွဲ့ (CID) တို့ပူးပေါင်း၍ ဖမ်းဆီးရမိသော ငွေကျပ် ၁၈၅၀၉၇၃၀၀ တန်ဖိုးရှိ တရားမဝင်ဆေးဝါးများနှင့် စံမညီဆေးဝါးများ၊ ဈေးကွက်အတွင်းမှ သိမ်းဆည်းရမိသော ငွေကျပ် ၃၁၇၀၀၀ တန်ဖိုးရှိ သုံးစွဲရန်မသင့်သည့် အလှကုန်များ၊ Import Recommendation(IR) သွင်းကုန်ထောက်ခံချက်မရှိသည့် တရားမဝင် အစားအသောက်များ ကြော်ငြာရောင်းချနေသည့် လူမှုကွန်ရက်စာမျက်နှာ (Facebook Page) တို့အား မန္တလေး(FDA)နှင့် သက်ဆိုင်ရာမြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ ပါဝင်သောပူးပေါင်းအဖွဲ့မှ ရှောင်တခင်ကွင်းဆင်းစစ်ဆေးစဉ် သိမ်းဆည်းရမိထားသော ငွေကျပ် ၂၄၆၃၃၀၀ တန်ဖိုးရှိ သွင်းကုန်ထောက်ခံချက်မရှိသည့် တရားမဝင် အစားအသောက်များအား မီးရှို့ဖျက်ဆီးခဲ့ကြသည်။



အဆိုပါမီးရှို့ဖျက်ဆီးရာသို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေး (FDA) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
(ဝ၉၃)

# မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ဂန္ဓကုဋိတိုက် စံကျောင်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပ





**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား သီတင်းသုံးတော်မူသည့် ဂန္ဓကုဋိတိုက် စံကျောင်းတော်ကြီးအား အသစ်ပြန်လည်တည်ဆောက်လှူဒါန်းခြင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဂန္ဓကုဋိတိုက် စံကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ မွှာဓိပတိကျောင်းဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဗောဓိပရိယတ္တိစာသင်တိုက်ဆရာတော်၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် သာသနာ့ဇောတိကာရုံကျောင်းဆရာတော်၊ အမရပူရမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်ဖြူမယ်ကျောင်းဆရာတော်တို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

၎င်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ဆရာတော်များထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်ခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရတနာပန္နက်တော်၊ ရွှေလက်ရိုက်တော်များကို သံဃာတော်များထံ ဆက်ကပ်ခြင်း၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ ပက်ဖျန်းချည်နှောင်တားဆီးကာရံခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီးနောက် လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။



အခမ်းအနားဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီးနောက် ရတနာပန္နက်တော်တင်လှူပူဇော်ခြင်း အစီအစဉ်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် ပန္နက်တော်အား စိုက်ထူတင်လှူပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဆရာတော်အရှင်သူမြတ်တို့က ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသော အောင်ဂါထာကို ရွတ်ဆိုချီးမြှင့်ကြပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရား ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့ မဟာမုနိဘုရားကြီး (၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲအခမ်းအနားကိုချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး ဗုဒ္ဓဝင်ဗိမာန်ကွင်းတွင်ကျင်းပရာ တောင်ထီးလင်းတိုက်၊ သဲကုန်းကျောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ် ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြုသော ပင့်ဖိတ်ထားသည့် သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

၎င်းနောက် မဟာမုနိရုပ်ရှင်တော်မြတ် ရေတော်ဆရာတော်ကြီး အမှူးပြုသော လေးပြင်လေးရပ်မှပင့်သံဃာ အပါး ၁၁၀၀ တို့အား ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူရှင်များနှင့်အတူ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်းနှင့် ယနေ့ တပို့တွဲလပြည့်နေ့၌ ဘုရား၊ စေတီပုထိုးများတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀







# သာစည်မြို့နယ် အ.ထ.က ဟင်းခွတ်အိုင်၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**သာစည် ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဟင်းခွတ်အိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်အဆောက်အအုံရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြတ်သူနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက ပြည်မြန်မာ သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင် ဦးရဲလွင်က ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား ကျောင်းဆောင်သစ်အား တာဝန်ယူ ဆောက်လုပ်ခဲ့သော ရှိုင်းရယ်မြ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမိုးက မြို့နယ်ပညာရေးမှူး ထံပေးအပ်သည်။

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများက ဆုငွေများ ချီးမြှင့်ကြသည်။



အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျေးရွာပြည်သူများတက်ရောက်ခဲ့ကြပြီး ကျောင်းဆောင်သစ်ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဌာနငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အလျား ပေ ၁၁၀၊ အနံ ပေ ၃၀ RC နှစ်ထပ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၇)

၀-၀-၀-၀



# ပထမအကြိမ် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနမူလ အာဂုံစာပြန်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပထမအကြိမ် မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနမူလ အာဂုံစာပြန်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက သီရိမင်္ဂလာသရက်တောကျောင်းတိုက်ရှိ ရွှေရတနာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ တိုင်းသံဃနာယကဆရာတော် ဘဒ္ဒန္တဃောသိတ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဥတ္တမ၊ စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒနသာရနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများ ပရိယတ္တိသာသနမူလ အာဂုံစာပြန်ပွဲသို့ ကြွရောက်တော်မူကြသည်။

အဆိုပါ အာဂုံစာပြန်ပွဲတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ စာသင်ကျောင်းတိုက်များမှ ပထမဆင့် အာဂုံစာပြန်သည့် သံဃာ ၂၆၀ ပါး၊ ဒုတိယဆင့် အာဂုံစာပြန်သည့် သံဃာ ၈၄ ပါး၊ တတိယဆင့် အာဂုံစာပြန်သည့် သံဃာ ၁၅ ပါး၊ စုစုပေါင်း ၃၅၉ ပါးတို့ ကြွရောက်၍ အာဂုံစာပြန်ဆိုကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဝေယံမင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက အချိုရည်၊ ရေသန့်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စာနည်းကိုကို(ပြန်/ဆက်)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၂၈ / ၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

**ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁) | ဒေါက်တာ မေသန်းနွယ် | ၁၂/တမန(နိုင်) ၀၄၁၃၉၆ | ဒဂုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးညီညီသွယ် | ၁၂/လမတ(နိုင်) ၀၀၀၃၀၇ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဒေါ်အေးအေးမြင့် | ၁၂/ဆကခ(နိုင်) ၀၁၅၉၈၂ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဒေါ်ဆွေဆွေဝင်း | ၁၂/ဒလန(နိုင်) ၀၀၉၁၅၇ | ဒလမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးဇွဲရန်နိုင်(ခ) ဦးကိုကိုဇော် | ၁၂/ဒဂမ(နိုင်) ၀၀၉၂၈၆ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးသိန်းကျော် | ၁၂/ကတတ(နိုင်) ၀၂၁၉၈၀ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးတင်ရှိန် | ၁၂/မဂတ(နိုင်) ၀၀၄၈၈၃ | မင်္ဂလာတောင်ညွန့်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးငွေအောင် | ၅/ကသန(နိုင်) ၀၂၄၆၂၈ | သာကေတမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဒေါ်ဝင်းဝင်းအောင် | ၁၂/ဥကမ(နိုင်) ၀၁၆၃၁၃ | မြောက်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါက်တာထူးမောင် | ၅/ရဥန(နိုင်) ၀၁၇၇၃၉ | တာမွေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးချစ်ကိုကို | ၁၂/ဒဂန(နိုင်) ၀၀၂၂၂၅ | ရန်ကင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဒေါ်အေးမင်းမိုး | ၁၂/ကတန(နိုင်) ၀၀၀၃၁၁ | ကျောက်တန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးအေးသိန်း | ၁၂/ခရန(နိုင်) ၀၀၇၁၆၉ | ခရမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ခင်မြတ်စု | ၁၂/သခန(နိုင်) ၀၃၈၂၅၁ | သုံးခွမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးမျိုးမြင့် | ၁၂/စခန(နိုင်) ၀၀၄၇၇၅ | စမ်းချောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးမင်းမင်း | ၁၂/ခရန(နိုင်) ၀၇၃၁၄၁ | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးကြည်စိုး | ၁၂/သခန(နိုင်) ၀၂၆၆၆၄ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၁၈) | ဦးကျော်ကျော်စိုး | ၈/ငဖန(နိုင်) ၀၁၁၇၉၉ | မြောက်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးထင်ကျော်သူ | ၁၂/လကန(နိုင်) ၀၂၂၂၀၂ | မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးစံကျော် | ၁၂/ဆကန(နိုင်) ၀၀၀၈၄၃ | လှိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဒေါ်သင်းသင်းမိုး | ၁၂/မဘန(နိုင်) ၀၂၁၉၀၄ | ကြည့်မြင်တိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးထင်လင်းကျော် | ၁၂/သဃက(နိုင်) ၁၆၁၀၀၁ | စမ်းချောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဒေါ်ခိုင်ဆုရည်ဇော် | ၁၂/စခန(နိုင်) ၀၆၅၄၁၂ | ဗဟန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးကျော်လင်း | ၁၂/လမတ(နိုင်) ၀၁၆၆၅၂ | ကမာရွတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၅) | ဦးအောင်ခိုင်ဦး | ၅/ကဘလ(နိုင်) ၀၀၆၅၆၃ | အလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၆) | ဒေါ်စောစောဦး | ၁၂/လသန(နိုင်) ၀၀၃၉၄၁ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၇) | ဦးသန်းထွေး | ၁၂/ပဘတ(နိုင်) ၀၀၈၆၂၇ | ပန်းဘဲတန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၈) | ဦးကျော်မင်းထက် | ၈/သရန(နိုင်) ၀၉၈၅၁၂ | ကျောက်တံတားမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၂၉) | ဒေါက်တာ တင်အောင်ခိုင် | ၁၂/တမန(နိုင်) ၀၁၇၀၂၀ | ဒဂုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၀) | ဒေါ်အေးမြသဲဖြူ | ၁၄/ဖပန(နိုင်) ၀၉၄၈၅၃ | လသာမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၃၁) | ဦးဇော်မိုးထက် | ၁၀/ကထန(နိုင်) ၀၆၇၇၀၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဒေါ်စန်းစန်းဝင်း | ၁၂/သဃက(နိုင်) ၀၁၅၅၅၉ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဒေါ်ဥမ္မာအောင်(ခ) ဂျာတောင် | ၁၂/ဒဂန(နိုင်) ၀၂၉၁၈၄ | သဃ်္ဃန်းကျွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးသော်တာ | ၁၂/သဃက(နိုင်) ၀၇၅၈၅၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၃၅) | ဦးဝင်းထိန် | ၁၂/တမန(နိုင်) ၀၆၀၁၉၃ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၆) | ဒေါ်မိုးသူဇာ | ၇/ပခန(နိုင်) ၂၄၄၀၅၈ | တောင်ဥက္ကလာပမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၇) | ဦးညဏ်ထက်ခိုင် | ၁၂/ကမတ(နိုင်) ၀၆၄၈၃၁ | တာမွေမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၈) | ဦးဇော်တင် | ၁၂/ဗတထ(နိုင်) ၀၀၉၆၉၁ | ရန်ကင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၃၉) | ဦးသန့်စင်ကျော် | ၁၃/လရန(နိုင်) ၁၀၄၃၇၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးနေလင်းထွန်း | ၁၂/ကတန(နိုင်) ၀၆၇၀၂၆ | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးဝင်းထွန်းနိုင်(ခ) ရွှေဘော် | ၁၂/ကမန(နိုင်) ၀၆၆၂၁၀ | အင်းစိန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဒေါ်စုစုမင်း | ၁၂/ဆကခ(နိုင်) ၀၀၉၅၈၅ | တွံတေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးသန်းဦး | ၇/သကန(နိုင်) ၀၀၀၀၇၈ | ဒလမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ၈၈မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ) ပါတီ |
| (၄၄) | ဦးလေးစိုး | ၁၂/ဗတထ(နိုင်) ၀၂၀၉၁၂ | ကော့မှူးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ) ပါတီ |
| (၄၅) | ဒေါ်စန္ဒာဝင်း | ၁၂/ပဇတ(နိုင်) ၀၀၂၂၀၇ | ကွမ်းခြံကုန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၄၆) | ဦးဝင်းကျော်ဦး | ၁၀/မလမ(နိုင်) ၁၄၁၃၂၉ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၄ )**

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| (၄၇) | ဦးမျိုးသော် | ၁၂/ဗတထ(နိုင်) ၀၃၂၃၇၆ | သန်လျင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးအောင်နိုင် | ၁၂/ကကက(နိုင်) ၀၀၀၆၆၁ | ကိုကိုးကျွန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးလှဝင်းမောင် | ၉/မနမ(နိုင်) ၀၈၉၄၂၄ | သာကေတမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၈ သို့ ✣

✣ စာမျက်နှာ ၇ မှ

| | | | |
|---|---|---|---|
| (၅၀) ဦးမျိုးမြင့် | ၁၂/ကတန(နိုင်) ၀၁၇၀၇၃ | ကျောက်တန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) ဦးဗိုလ်ဗိုလ် ခင်မောင်တင့် | ၁၂/မဂတ(နိုင်) ၀၈၆၂၀၀ | ခရမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) ဦးလှငွေ | ၁၂/မဂတ(နိုင်) ၀၄၇၉၄၂ | သုံးခွမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၃) ဦးဝေယံပိုင် | ၁၂/သလန(နိုင်) ၁၂၈၃၈၄ | မင်္ဂလာတောင်ညွန့် မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၄) ဦးစိုးဦး | ၁၂/လကန(နိုင်) ၀၃၅၄၂၈ | ဒေါပုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၅၅) ဦးစိုးမြင့် | ၅/ကဘလ(နိုင်) ၀၉၆၈၄၀ | ပုဇွန်တောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၅၆) ဦးစိုင်းအောင်မြင့်ခိုင် | ၁၃/လခတ(နိုင်) ၀၀၄၆၈၉ | ဗိုလ်တထောင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ )
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ဒဂုံမြို့နယ် | | | ၈၀၈၇ | ၁၂၃၅ | ၉၃၂၂ | |
| | | ဒေါက်တာမေသန်းနွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၄၈ | ၁၀၆၈ | ၆၃၁၆ | ၆၇.၇၅% |
| | | ဒေါ်စိုးစိုးနှင်း | ပြည်သူ့ပါတီ | ၁၁၆၀ | ၆၅ | ၁၂၂၅ | ၁၃.၁၄% |
| | | ဦးသီဟစိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၈ | ၅၈ | ၉၇၆ | ၁၀.၄၇% |
| | | ဦးအောင်ကိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၁ | ၄၄ | ၈၀၅ | ၈.၆၄% |
| ၂ | လမ်းမတော်မြို့နယ် | | | ၇၈၄၃ | ၁၃၈၄ | ၉၂၂၇ | |
| | | ဦးညီညီသွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၇ | ၉၆၄ | ၄၅၀၁ | ၄၈.၇၈% |
| | | ဒေါက်တာဥမ္မာကြည် | ပြည်သူ့ပါတီ | ၃၁၈၅ | ၂၈၆ | ၃၄၇၁ | ၃၇.၆၂% |
| | | ဦးတင်ငွေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၁ | ၁၃၄ | ၁၂၅၅ | ၁၃.၆၀% |
| ၃ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | | | ၁၄၂၆၂ | ၁၄၉၀ | ၁၅၇၅၂ | |
| | | ဒေါ်အေးအေးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၅၈ | ၁၀၀၃ | ၆၉၆၁ | ၄၄.၁၉% |
| | | ဦးနေဦး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၇ | ၁၉၉ | ၂၈၀၆ | ၁၇.၈၁% |
| | | ဒေါ်ဥမ္မာလွင် | စစ်မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၀၄၄ | ၁၀၄ | ၂၁၄၈ | ၁၃.၆၄% |
| | | ဒေါ်မြင့်မြင့်မူ | ပြည်သူ့ပါတီ | ၁၄၀၃ | ၇၈ | ၁၄၈၁ | ၉.၄၀% |
| | | ဒေါ်ပြုံးပြုံးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၀ | ၄၁ | ၈၉၁ | ၅.၆၆% |
| | | ဒေါ်နော်လင်းသီဂီထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၉ | ၄၀ | ၈၇၉ | ၅.၅၈% |
| | | ဦးသူရအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၁ | ၂၅ | ၅၈၆ | ၃.၇၂% |
| ၄ | ဒလမြို့နယ် | | | ၄၆၉၂၅ | ၈၈၃၇ | ၅၅၇၆၂ | |
| | | ဒေါ်ဆွေဆွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၉၉ | ၇၇၄၄ | ၃၀၀၄၃ | ၅၃.၈၈% |
| | | ဦးစည်သူထွန်း | စစ်မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၉၂၃ | ၄၅၀ | ၁၀၃၇၃ | ၁၈.၆၀% |
| | | ဦးမင်းကိုမောင် | ပြည်သူ့ပါတီ | ၄၂၁၂ | ၁၅၂ | ၄၃၆၄ | ၇.၈၃% |
| | | ဦးဗိုလ်ဇင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၀၃ | ၂၃၆ | ၄၀၃၉ | ၇.၂၄% |
| | | ဦးနေမျိုးဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၈၈ | ၁၀၆ | ၂၈၉၄ | ၅.၁၉% |
| | | ဦးသက်ဖြိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၀ | ၉၈ | ၂၅၇၈ | ၄.၆၂% |
| | | ဦးဖြိုးငယ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၂၀ | ၅၁ | ၁၄၇၁ | ၂.၆၄% |
| ၅ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | | | ၅၃၀၂၄ | ၂၄၄၅ | ၅၅၅၆၉ | |
| | | ဦးခွဲရန်နိုင်(ခ)ဦးကိုကိုဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၂၇ | ၁၆၉၀ | ၂၃၃၁၇ | ၄၁.၉၆% |
| | | ဦးကျော်စွာထွန်း | ပြည်သူ့ပါတီ | ၈၀၂၆ | ၁၆၁ | ၈၁၈၇ | ၁၄.၇၃% |
| | | ဒေါ်ယမင်းသက်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၂၄ | ၁၆၀ | ၆၄၈၄ | ၁၁.၆၇% |
| | | ဦးသက်ဇော်(ခ)တိုနီသက်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၁၂ | ၁၃၆ | ၅၉၄၈ | ၁၀.၇၀% |
| | | ဦးရဲမင်းဇာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၅၀ | ၈၈ | ၄၁၃၈ | ၇.၄၅% |
| | | ဒေါက်တာဖြူဖြူခိုင် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၃၆၈၉ | ၁၄၉ | ၃၈၃၈ | ၆.၉၁% |
| | | ဒေါ်သိမ့်အိခိုင်(ခ)မြင့်မိုရ်သွန်းခ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၆ | ၆၁ | ၃၆၅၇ | ၆.၅၈% |
| ၆ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | | | ၅၁၄၄၃ | ၃၆၂၈ | ၅၅၀၇၁ | |
| | | ဦးသိန်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၁၆၉ | ၂၆၅၃ | ၂၃၈၂၂ | ၄၃.၂၇% |
| | | ဦးကျော်အုံး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၃ | ၃၀၂ | ၇၇၀၅ | ၁၃.၉၉% |
| | | ဦးသူရဟန် | ပြည်သူ့ပါတီ | ၇၃၀၂ | ၁၇၉ | ၇၄၈၁ | ၁၃.၅၈% |
| | | ဒေါ်ဝေနှင်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၉၃ | ၁၆၉ | ၆၃၆၂ | ၁၁.၅၅% |
| | | ဒေါ်မေချောစုမွန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၄၇ | ၁၄၇ | ၄၀၉၄ | ၇.၄၃% |
| | | ဒေါ်မို့မို့ဇင်ကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၁၉ | ၁၁၂ | ၃၃၃၁ | ၆.၀၅% |
| | | ဦးစိုးညီဝင်း | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၂၂၁၀ | ၆၆ | ၂၂၇၆ | ၄.၁၃% |
| ၇ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | ၃၀၀၉၃ | ၁၈၉၂ | ၃၁၉၈၅ | |
| | | ဦးတင်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၅၁၀ | ၁၂၆၇ | ၁၄၇၇၇ | ၄၆.၂၀% |
| | | ဦးငွေးမြင့် | ပြည်သူ့ပါတီ | ၈၈၈၀ | ၃၁၁ | ၉၁၉၁ | ၂၈.၇၄% |
| | | ဒေါ်အေးအေးမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၄၂ | ၁၇၇ | ၄၈၁၉ | ၁၅.၀၆% |
| | | ဦးအောင်ခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၁ | ၁၃၇ | ၃၁၉၈ | ၁၀.၀၀% |
| ၈ | သာကေတမြို့နယ် | | | ၅၇၉၄၈ | ၄၄၆၅ | ၆၂၄၁၃ | |
| | | ဦးငွေးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၅၃ | ၃၁၉၂ | ၂၅၄၄၅ | ၄၀.၇၇% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၄၁ | ၃၇၁ | ၈၈၁၂ | ၁၄.၁၂% |
| | | ဦးတင်ထွန်းဝင်း | တစ်သီးပုဂ္ဂလ | ၇၉၈၈ | ၃၄၉ | ၈၃၃၇ | ၁၃.၃၆% |
| | | ဦးသောင်းထိုက် | ပြည်သူ့ပါတီ | ၇၅၉၈ | ၂၁၂ | ၇၈၁၀ | ၁၂.၅၁% |
| | | ဦးကျော်မျိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၄၈၀ | ၁၅၆ | ၆၆၃၆ | ၁၀.၆၃% |
| | | ဒေါ်သဲစုအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈၈ | ၁၈၅ | ၅၃၇၃ | ၈.၆၁% |

စာမျက်နှာ ၉ သို့ ❍

○ စာမျက်နှာ ၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | မြောက်ဥက္ကလာပမြို့နယ် | | | ၇၅၉၈၆ | ၆၀၀၁ | ၈၁၉၈၇ | |
| | | ဒေါ်ဝင်းဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၂၁၄ | ၃၁၇၇ | ၂၆၃၉၁ | ၃၂.၁၈% |
| | | ဦးသန်းထွဋ် | တစ်သီးပုဂ္ဂလ | ၁၁၁၇၀ | ၁၁၀၁ | ၁၂၂၇၁ | ၁၄.၉၇% |
| | | ဦးဝေဖြိုးအောင် | ပြည်သူ့ပါတီ | ၁၀၅၀၀ | ၃၆၁ | ၁၀၈၆၁ | ၁၃.၂၅% |
| | | ဒေါ်ရင်ရင်နု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၇၃ | ၅၀၅ | ၉၁၇၈ | ၁၁.၁၉% |
| | | ဒေါ်ဝင်းဂျူလိုင်နွေး | တစ်သီးပုဂ္ဂလ | ၇၇၁၁ | ၃၂၀ | ၈၀၃၁ | ၉.၈၀% |
| | | ဦးထွန်းထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၄၃ | ၂၅၅ | ၇၄၉၈ | ၉.၁၅% |
| | | ဦးသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၄၂၄၈ | ၁၈၈ | ၄၄၃၆ | ၅.၄၁% |
| | | ဦးသန့်ဇင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၂၇ | ၉၄ | ၃၃၂၁ | ၄.၀၅% |
| ၁၀ | တာမွေမြို့နယ် | | | ၂၈၉၉၅ | ၂၄၈၄ | ၃၁၄၇၉ | |
| | | ဒေါက်တာထူးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၄၀ | ၁၇၁၈ | ၁၃၈၅၈ | ၄၄.၀၂% |
| | | ဦးထွန်းထွန်းဦး | ပြည်သူ့ပါတီ | ၄၂၃၅ | ၂၀၃ | ၄၄၃၈ | ၁၄.၁၀% |
| | | ဒေါ်ဖြူဖြူညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၉၀ | ၂၃၉ | ၄၄၂၉ | ၁၄.၀၇% |
| | | ဦးကျော်မိုးဟန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၅၉ | ၉၈ | ၃၀၅၇ | ၉.၇၁% |
| | | ဒေါ်အေးအေးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၆၈ | ၉၃ | ၂၂၆၁ | ၇.၁၈% |
| | | ဒေါ်အေးငွေကျော်စွာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၉၆ | ၇၄ | ၁၈၇၀ | ၅.၉၄% |
| | | ဦးမောင်မောင်သန့်ဇော် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၁၅၀၇ | ၅၉ | ၁၅၆၆ | ၄.၉၈% |
| ၁၁ | ရန်ကင်းမြို့နယ် | | | ၂၀၄၀၄ | ၁၅၀၃ | ၂၁၉၀၇ | |
| | | ဦးချစ်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၄၈ | ၇၄၆ | ၇၆၉၄ | ၃၅.၁၂% |
| | | ဦးမောင်မောင်လွင် | တစ်သီးပုဂ္ဂလ | ၆၃၂၀ | ၄၇၉ | ၆၇၉၉ | ၃၁.၀၄% |
| | | ဒေါ်နွယ်နွယ်ဝင်း | ပြည်သူ့ပါတီ | ၂၃၈၀ | ၇၅ | ၂၄၅၅ | ၁၁.၂၁% |
| | | ဦးမင်းသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၅၃ | ၁၁၂ | ၂၁၆၅ | ၉.၈၈% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၄၉၀ | ၃၈ | ၁၅၂၈ | ၆.၉၇% |
| | | ဒေါ်နေရီသန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၃ | ၅၃ | ၁၂၆၆ | ၅.၇၈% |
| ၁၂ | ကျောက်တန်းမြို့နယ် | | | ၈၇၃၀၂ | ၁၀၅၀၅ | ၉၇၈၀၇ | |
| | | ဒေါ်အေးမင်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၃၁ | ၇၇၂၈ | ၄၄၆၅၉ | ၄၅.၆၆% |
| | | ဦးဆန်းလွင် | ပြည်သူ့ပါတီ | ၁၂၁၃၃ | ၇၁၄ | ၁၂၈၄၇ | ၁၃.၁၄% |
| | | ဦးကျော်စွာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၂၀၄ | ၄၈၉ | ၁၂၆၉၃ | ၁၂.၉၈% |
| | | ဒေါ်သက်သက်ခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၂၁ | ၇၆၅ | ၁၁၈၈၆ | ၁၂.၁၅% |
| | | ဦးခင်မောင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၅၉၂ | ၅၆၈ | ၁၁၁၆၀ | ၁၁.၄၁% |
| | | ဦးပိုင်သူဟိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၂၁ | ၂၄၁ | ၄၅၆၂ | ၄.၆၆% |
| ၁၃ | ခရမ်းမြို့နယ် | | | ၈၅၀၁၉ | ၈၄၇၂ | ၉၃၄၉၁ | |
| | | ဦးအေးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၃၇၆ | ၆၅၄၀ | ၄၅၉၁၆ | ၄၉.၁၂% |
| | | ဦးတင်ဇော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၈၈ | ၁၀၃၃ | ၁၉၈၂၁ | ၂၁.၂၀% |
| | | ဦးနိုင်ဝင်းကျော် | ပြည်သူ့ပါတီ | ၁၂၆၄၁ | ၄၃၉ | ၁၃၀၈၀ | ၁၃.၉၉% |
| | | ဦးနိုင်ထွန်းလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၄၇ | ၂၂၃ | ၇၆၇၀ | ၈.၂၀% |
| | | ဦးနေလင်းထွန်း | တစ်သီးပုဂ္ဂလ | ၆၇၆၇ | ၂၃၇ | ၇၀၀၄ | ၇.၄၉% |
| ၁၄ | သုံးခွမြို့နယ် | | | ၈၇၈၈၄ | ၅၉၅၃ | ၉၃၈၃၇ | |
| | | ဒေါ်ခင်မြတ်စု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၁၇၁ | ၄၂၆၆ | ၃၉၄၃၇ | ၄၂.၀၃% |
| | | ဦးကျော်သူရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၄၆ | ၈၉၅ | ၂၂၉၄၁ | ၂၄.၄၅% |
| | | ဦးဇင်မိုး | ပြည်သူ့ပါတီ | ၁၁၉၃၈ | ၃၀၂ | ၁၂၂၄၀ | ၁၃.၀၄% |
| | | ဦးထက်အာကာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၅၃ | ၂၀၇ | ၇၃၆၀ | ၇.၈၄% |
| | | ဦးသန့်ဇင်ထွန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၄၅ | ၁၆၂ | ၆၁၀၇ | ၆.၅၁% |
| | | ဦးမောင်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၁ | ၁၂၁ | ၅၇၅၂ | ၆.၁၃% |
| ၁၅ | စမ်းချောင်းမြို့နယ် | | | ၁၆၉၄၂ | ၂၆၃၇ | ၁၉၅၇၉ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၅၂ | ၁၇၂၅ | ၈၀၇၇ | ၄၁.၂၆% |
| | | ဒေါ်မေခိုင်ဦး | ပြည်သူ့ပါတီ | ၃၈၂၉ | ၂၉၁ | ၄၁၂၀ | ၂၁.၀၄% |
| | | ဦးတင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၀၃ | ၂၅၅ | ၂၈၅၈ | ၁၄.၆၀% |
| | | ဦးမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၃၇ | ၂၀၉ | ၂၃၄၆ | ၁၁.၉၈% |
| | | ဦးသန်းထွဋ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၂၁ | ၁၅၇ | ၂၁၇၈ | ၁၁.၁၂% |
| ၁၆ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | | | ၄၉၇၂၂ | ၄၆၉၂ | ၅၄၄၁၄ | |
| | | ဦးမင်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၄၈၀ | ၃၃၀၈ | ၁၉၇၈၈ | ၃၆.၃၇% |
| | | ဦးထက်ဝေယံ | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၀၀၁၉ | ၄၇၆ | ၁၀၄၉၅ | ၁၉.၂၉% |
| | | ဦးမြင့်ဇော် | ပြည်သူ့ပါတီ | ၄၆၆၈ | ၁၆၇ | ၄၈၃၅ | ၈.၈၉% |
| | | ဒေါ်နွယ်နွယ်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၃၆ | ၁၆၃ | ၄၀၉၉ | ၇.၅၃% |
| | | ဦးနေလင်းဦး | တစ်သီးပုဂ္ဂလ | ၃၆၈၄ | ၁၃၂ | ၃၈၁၆ | ၇.၀၁% |
| | | ဦးမျိုးမျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၉၅ | ၁၅၈ | ၃၇၅၃ | ၆.၉၀% |
| | | ဦးကြည်ရှင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၆၃ | ၁၅၈ | ၃၅၂၁ | ၆.၄၇% |
| | | ဦးမင်းထက်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉ | ၇၁ | ၂၅၉၀ | ၄.၇၆% |
| | | ဦးဇော်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၅၈ | ၅၉ | ၁၅၁၇ | ၂.၇၈% |
| ၁၇ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | | | ၄၁၇၂၅ | ၂၅၆၅ | ၄၄၂၉၀ | |
| | | ဦးကြည်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၁၀၇ | ၁၈၁၃ | ၁၈၉၂၀ | ၄၂.၇၂% |
| | | ဦးစိုးထိုက် | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၇၁၄၀ | ၂၀၂ | ၇၃၄၂ | ၁၆.၅၈% |
| | | ဒေါ်သီဂီ | ပြည်သူ့ပါတီ | ၃၈၃၃ | ၉၃ | ၃၉၂၆ | ၈.၈၆% |
| | | ဦးထက်ဝေယံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၇၈ | ၁၈၀ | ၃၈၅၈ | ၈.၇၁% |
| | | ဒေါ်တင်မာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၈၁ | ၇၉ | ၂၉၆၀ | ၆.၆၈% |
| | | ဒေါ်ငွေငွေမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၇၉၈ | ၇၉ | ၂၈၇၇ | ၆.၅၀% |
| | | ဦးသက်ထွေးဇော် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၃၆ | ၇၄ | ၂၇၁၀ | ၆.၁၂% |
| | | ဦးတင်ထွန်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၅၂ | ၄၅ | ၁၆၉၇ | ၃.၈၃% |

စာမျက်နှာ ၁၀ သို့ ○

○ စာမျက်နှာ ၉ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

### တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၆၀၉၄၆ / ၁၃ = ၂၀၀၇၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၀၉၄၆ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၆၅ | ၅ | ၁၁၉၀၅ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၁၂၄၆ | ၂ | ၁၁၁၀၂ | - | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၇၉၃၉ | ၁ | ၁၇၈၆၇ | ၁ | ၂ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၉၇၈ | ၁ | ၁၂၉၀၆ | ၁ | ၂ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၂၄၄ | - | ၁၉၂၄၄ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၇၄ | - | ၇၂၇၄ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ကမာရွတ်၊ ကျောက်တံတား၊ မရမ်းကုန်း၊ အလုံ၊ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ လှိုင်၊ ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံ၊ လမ်းမတော်၊ မြောက်ဥက္ကလာပ၊ စမ်းချောင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

### တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၄၈၂၈၅ / ၈ = ၄၃၅၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၃၄၈၂၈၅ | ၅ | | ၃ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၄၅၅ | ၃ | ၁၅၈၅၀ | - | ၃ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၅၇၁၀ | ၁ | ၁၂၁၇၅ | - | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၇၀ | ၁ | ၃၉၃၅ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၇၁၂ | - | ၃၉၇၁၂ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၀၁၀ | - | ၂၇၀၁၀ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၄၈ | - | ၂၄၂၄၈ | ၁ | ၁ | |
| | | ၇။ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၇၆၈၀ | - | ၇၆၈၀ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တာမွေ၊ ရန်ကင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

### တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၇၄၉၂၈ / ၈ = ၅၉၃၆၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၇၄၉၂၈ | ၄ | | ၄ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၄၈၇ | ၃ | ၂၉၃၈၉ | ၁ | ၄ | |
| | | ၂။ | စစ်မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၂၂၂၇ | ၁ | ၃၂၈၆၁ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၂၁၃၅ | - | ၄၂၁၃၅ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၅၃၉ | - | ၃၆၅၃၉ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၃၅၀ | - | ၂၇၃၅၀ | - | - | |
| | | ၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၈၉၀ | - | ၂၆၈၉၀ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၂၂၆ | - | ၂၁၂၂၆ | - | - | |
| | | ၈။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၃၃ | - | ၁၁၈၃၃ | - | - | |
| | | ၉။ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၂၄၁ | - | ၉၂၄၁ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ အင်းစိန်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ○

○ စာမျက်နှာ ၁၀ မှ

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၄၉၇၇ / ၁၀ = ၅၄၉၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၅၄၉၇၇ | ၇ | | ၃ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၄၄၀ | ၄ | ၃၇၄၅၂ | ၁ | ၅ | |
| | | ၂။ | ပြည်သူ့ပါတီ | ၈၂၂၇၂ | ၁ | ၂၉၇၇၅ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၆၆၀ | ၁ | ၁၄၁၆၃ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၀၀၆၈ | ၁ | ၇၅၇၁ | - | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၆၅၂ | - | ၄၃၆၅၂ | ၁ | ၁ | |
| | | ၆။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၃၂၃ | - | ၂၀၃၂၃ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၆၂ | - | ၄၅၆၂ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဗိုလ်တထောင်၊ သန်လျင် ဒေါပုံ၊ ပုဇွန်တောင်၊ ကိုကိုးကျွန်း မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း ပါဝင်မည်



ဒေါက်တာသက်လွင်ဦး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall) ပါဝင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။



"အဓိကတော့ နိုင်ငံတော်က MSME လုပ်ငန်းရှင်တွေကို ပြည်တွင်း ပြည်ပ ဈေးကွက် အခွင့်အလမ်းတွေ ရရှိစေဖို့ ရည်ရွယ်တာပါ။ ဒီပြပွဲနဲ့အတူ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှု၊ ပြည်ပဈေးကွက် ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေ ရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာ အစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့်အစီအစဉ်တွေ ပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊ လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G & G စတဲ့ဆိုင်တွေမှာ ရောင်းချနိုင်ရေးအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းကနေတစ်ဆင့် မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးက ပြောကြားသည်။

MSME လုပ်ငန်းရှင်များအနေဖြင့်ပြပွဲမှတစ်ဆင့်ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တစ်ဦး ဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေး လုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ၊ လက်လီ/လက်ကား ရောင်းချသူများနှင့် အချင်းချင်းချိတ်ဆက်နိုင်မည့် လုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အချိတ်အဆက်များ ရရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာနကိုးခုက MSME လုပ်ငန်းရှင်များအတွက် ပို့ကုန်/သွင်းကုန်ဆိုင်ရာ လုပ်ငန်းရှင်များ ပြည်ပဈေးကွက် ဝင်ရောက်နိုင်ရေး လိုအပ်သည့် Certificate ရရှိရေးနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များစွာ ပါဝင်ပြသနိုင်ရေးနှင့် Online E-Commerce Platform မှတစ်ဆင့် MSME ထုတ်ကုန်များကို နိုင်ငံတကာဝယ်လက်များသို့ တိုက်ရိုက် ချိတ်ဆက်ဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲအတွင်း ပြည်ပဈေးကွက်ချိတ်ဆက်မှု အနေဖြင့် MSME လုပ်ငန်းရှင်များက ပြည်ပသို့တင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေရရှိရေး၊ စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်၍ အသိပညာ မျှဝေပေးနိုင်ရန် အတွက်လည်းကောင်း၊ ရင်းနှီးမတည်ငွေရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ်များ၏ ဝန်ဆောင်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် လည်းကောင်း ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင် ဖြစ်လိုသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း/စီးပွား ချိတ်ဆက်မှု ပြခန်းတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်း ဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေး ကြေညာထားသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်နှင့် ပလိပ်မြို့နယ်ခွဲတို့၌ ရည်ညွှန်းဈေးဖြင့် စားအုန်းဆီ ပိဿာ ၁၂၁၀ ရောင်းချပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဝင် စားသုံးဆီ အရောင်းဆိုင်များမှ ယမန်နေ့က စဉ့်ကိုင်မြို့နှင့် ပလိပ်မြို့နယ်ခွဲတို့၌ ရည်ညွှန်းဈေးဖြင့် စားအုန်းဆီ ပိဿာ ၇၂၅၀ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးရာတွင် စဉ့်ကိုင်မြို့နယ်၌ ဦးစိုးမောင်(အောင်စိုးမိုး) ဆီအရောင်းဆိုင်မှ စွယ်စုံ၊ ချောင်းဆုံ၊ သာစည်၊ ဆည်ကတော်၊ ရှမ်းကန်တောင်ကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၆၆၀၊ ဦးအောင်ကြိုင်(ကျော်ကျော်မင်း) ဆီအရောင်းဆိုင်မှ တပတ်ဆွဲကျေးရွာ ပြည်သူများအား ပိဿာ ၂၂၀၊ ပလိပ်မြို့နယ်ခွဲ၌ ဦးကျော်ဆွေဝင်း(ငွေပင်လယ်) စားအုန်းဆီအရောင်းဆိုင်မှ စိတ္တရရပ်ကွက်ပြည်သူများအား စားအုန်းဆီပိဿာ ၃၃၀၊ စုစုပေါင်း ပိဿာ ၁၂၁၀ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

စားသုံးဆီဝယ်ယူသူ ပြည်သူများအဆင်ပြေစေရေး ဆီဝယ်ယူခွင့် စာအုပ်များ ပြုလုပ်ပေးခဲ့ပြီး စာအုပ်တစ်အုပ်လျှင် နှစ်ပိဿာနှုန်းဖြင့် သတ်မှတ်ရည်ညွှန်းဈေးဖြင့် စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများကို သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀-၀

**စာအုပ်၊ စာပေ လူ့မိတ်ဆွေ။**



## စွယ်တော်မြတ်စေတီ(မန္တလေး)၌ ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**အမရပူရ ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူထားသော စွယ်တော်မြတ်စေတီ(မန္တလေး)၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီက ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ကျင်းပခဲ့သည်။

ဦးစွာ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စွယ်တော်မြတ်စေတီ(မန္တလေး)၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းယုက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒိုင်အဖွဲ့မှ အမှတ်ပေး စည်းမျဉ်းများကို ပြောကြားပြီး ပြိုင်ပွဲကို စတင်ခဲ့သည်။ ပြိုင်ပွဲစသည်နှင့် ပြိုင်ပွဲဝင်အသင်း ၂၀ သင်းက မီးများ စတင်မွှေးကြပြီး မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြသည်။ ယှဉ်ပြိုင်မှုကို အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အမှတ်ပေးဒိုင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ပြိုင်ပွဲဝင်ချိန် ၄၅ မိနစ် သတ်မှတ်ပေးခဲ့ပြီး စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆုများကို ရွေးချယ်ခဲ့ရာ ပထမဆုကို အမရပူရမြို့နယ် ပညာရေးမိသားစုကလည်းကောင်း၊ ဒုတိယဆုကို ပုညကာရီဝတ်ပြုအသင်း(ဂျီကျေးရွာ)ကလည်းကောင်း၊ တတိယဆုကို ရွှေကိုင်းမောင် (မန်ကျည်းကိုင်းကျေးရွာ) ကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၄)

## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၅၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈ လမ်းနှင့် လမ်း ၇၀ ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်နှင့် သာမဏေများအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၅၂) ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်မျှစ်ချဉ်ချက်၊ ငါးပိထောင်းဘူးတို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော်နှင့် သာမဏေ ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင်၍ ကော်ဖီမစ်ထုပ်များ ဆက်ကပ်ခြင်း၊ ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်နှင့် သာမဏေများအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀



## ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့နှင့် ခရိုင်စီမံတို့ ပူးပေါင်း၍ ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့နှင့် အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့ ပူးပေါင်းကျင်းပသော ပထမအကြိမ် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားရှေ့ ကွင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့်၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်ပေးဒိုင်ချုပ် ဦးမောင်မောင်အေးနှင့်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းမှ ကြီးကြပ်၊ အုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင်များ၊ ဧည့်ပရိသတ်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားနှင့် ထမနဲထိုးပြိုင်ပွဲကျင်းပရခြင်းအကြောင်း ပြောကြားကာ အမှတ်ပေးဒိုင်ချုပ်က အမှတ်ပေးအကဲဖြတ်မည့် စည်းမျဉ်း၊ စည်းကမ်းများကို ကြိုတင်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထမနဲထိုးပြိုင်ပွဲကို ယှဉ်ပြိုင်ကျင်းပရာ သက်ဆိုင်ရာပြိုင်ပွဲဝင်အသင်းများမှ ပရိသတ်များ၊ ဘုရားဖူးပြည်သူများနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုကြပြီး အမှတ်ပေးဒိုင်အဖွဲ့ကလည်း အကဲဖြတ်အမှတ်ပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမဆုရ အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းအား ငွေသားဆု ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရ နန်းတော်ရှေ့ လူမှုကူညီရေးအသင်းအား ငွေသားဆု ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ တတိယဆုရ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနအသင်းအား ငွေသားဆု ငွေကျပ် ၅သိန်းအားလည်းကောင်း၊ နှစ်သိမ့်ဆုရ အောင်မြေသာစံခရိုင် ပညာရေးမှူးရုံးအသင်း၊ အောင်မြေသာစံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ မတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်း၊ အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအသင်းတို့အား ငွေသားဆု ငွေကျပ် တစ်သိန်းစီတို့အား အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)(၀၉၃)



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အားကစားပြိုင်ပွဲတွင် ဆုရ သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်

**မန္တလေး ဖေဖော်ဝါရီ ၁**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)အားကစားပြိုင်ပွဲများတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းတည့် ၁၂ နာရီက စားရိပ်သာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဆုရရှိသည့် B.Sc (Sports)ကျောင်းသား၊ ကျောင်းသူများ၊ စံပြထူးချွန်ဆု၊ ကလပ်ပေါင်းစုံလက်ရွေးပြိုင်ပွဲနှင့် ၁၂/၂၀၂၅ လအတွက် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းမှ ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး B.Sc (Sports) သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့သည်။

မွန်းလွဲ ၁ နာရီခွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဘော်လီဘောအားကစားခန်းမတွင် အားကစားနှင့် ကာယပညာသိပ္ပံမှ ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးနှင့် အုပ်ချုပ်မှုအဖွဲ့မှ ကျောင်းကိစ္စတင်ပြခြင်း၊ အားကစားနည်းအလိုက် နည်းပြများ၏တင်ပြမှုများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)



## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း ၁၀ နှစ်ပြည့် အခမ်းအနားကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် တောင်သာတိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ ခေမာရာမညောင်ရမ်းကျောင်းဆရာတော် ဘဒ္ဒန္တခေမာသီရိ၊ စစ်ကိုင်းပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ(ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ)တို့ တည်ထောင်ဖွင့်လှစ်ထားသော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ ၁၀ နှစ်ပြည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ အဆိုပါဆေးခန်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါကုသိုလ်ဖြစ် ဆေးခန်း ၁၀နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ ရက်အထိ ညနေပိုင်းတွင် အထူးဓမ္မသဘင်ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော်အပါး ၈၀နှင့် သီလရှင်အပါး ၂၀ တို့အား ပင့်ဖိတ်၍ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး ကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကုသမှုခံယူကြမည့် လူနာရှင်များအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကာ လေးပြင်လေးရပ်ရှိ လူပုဂ္ဂိုလ်အပေါင်းတို့အား စတုဒိသာထမင်းနှင့် ဟင်းများဖြင့် ကုသိုလ်ယူကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၅၃)

# မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း၏ (၃၉) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တပို့တွဲလပြည့် နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့်၆၉လမ်း ထောင့်တွင် ကျင်းပသည်။



ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ခရမ်းသီးနှပ်၊ ပဲသီးသုပ်၊ ဆပ်ပြာမှုန့်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် ငွေကျပ် ၁၀၀၀ နှုန်းစီကို လောင်းလှူကြပြီး နဝကမ္မငွေကျပ် ၁၄၀၀၀၀ နှင့် သင်္ကန်း ၁၄စုံအား စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်းတည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော် (ပီတိသုခ မိသားစု)၊ လစဉ်လဆန်း ၁ ရက်တိုင်း ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော ကောင်းထက်မဟာ မိသားစု၊ ကာဗာတိုင်းပြည် မိသားစု၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင် ရွှေသစ်ပင် Hotel မိသားစု၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး၊ မိခင်ကြီး ဒေါ်တင်ရီအား ရည်စူး၍ ဦးသိန်းတန် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဖခင်ကြီး ဦးချိန်စီ+မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အားအမှူးထား၍ (သား)မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အားရည်စူး၍ ဦးပြည့်စုံကိုကိုညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်းတော်ဦး အမျိုးသမီးအဆောင်)မိသားစု (အဘ)(ဦးစံသာ)+အမိ(ဒေါ်အုန်းစိန်)တို့အားရည်စူး၍ သားသမီးမြေးတစ်စု(GOLDEN KEY CAFE)၊ ဦးစိုင်းကိုကိုလှိုင်+ဒေါ်စန္ဒာလှိုင်၊ (သား)သိန်းထိုက်စံ၊ နိုင်ခန့်ကျော် တောင်ကြီး မိသားစု၊ ကွယ်လွန်သူ ဒေါ်မကြည်၊ ဒေါ်အေးအေးတို့အား ရည်စူး၍ ကိုအောင်ကျော်သူ+မနွယ်နွယ်လင်း မိသားစု၊ ဒေါ်မေသဇင်ဦး မိသားစု၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသူ၊ အသင်းသားများက လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၄၀)**

# စာဖတ်ရိုန်မြှင့်တင်ရေး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး ယနေ့နံနက် ၉ နာရီခွဲက ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။



အဆိုပါ ပုံပြင်ပြောပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က လူငယ်လူရွယ်များ ဗဟုသုတနှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ရရှိစေရန်၊ နွေရာသီအားလပ်ရက်များ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ကြစေရန်ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ တက်ရောက်လာကြသည့် သားငယ်၊ သမီးငယ်များက မိမိတို့ဖတ်ရှုလေ့လာထားသည့် ပုံပြင်ခေါင်းစဉ်များဖြင့် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် အားလပ်သည့်အချိန်များတွင် ပုံပြင်ပြောခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲများ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**နောင်နောင်(မိသနိုးမြေ)**



# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ယနေ့ နံနက်ပိုင်းက (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရသူများအား မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**နန်းစိဖေါင်း(ပြန်/ဆက်)**



ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တို့တောရွာ ထမနဲပွဲ

* ဆီးနှင်းတွေဝေ
မြောက်လေပြေးလာ
စိမ့်ကာအေးမြ တပို့တွဲဝယ်
ပေါက်လဲပွင့်ငုံ
စုံညီလန်းဆန်း
မြိုင်စခန်းမှာ
မွှေးကာသင်းနေသည်။

* ဒိုးပတ်အိုးစည်
သံပြိုင်သီရင်း
လင်းကွင်းမကျန်
လက်ခုပ်သံမြိုင်
ထီးကိုင်ရွှေရိုး
မမိုးနဲ့တွဲ
ကပွဲလေးက
မြိုင်လှသည်။

* ရာသီခါနွှဲ
တပို့တွဲလ
ရေးက ရိုးရာ
စဉ်လာမပျက်
ဆက်လက်နွှဲကာ
တို့တောရွာတွင်
ပျော်ရွှင်နေကြသည်။

* ထမနဲထိုး
ဘကြီးတိုးရယ်
ဦးသာကြွယ်မှာ
လှစွာ ထိုးကွင်း
ပေါင်းရင်းမှုဒူး
နှစ်ဦးညီစွာ
ခါးတောင်းမှာကျိုက်
လှလိုက်သည့်ဟန်
မြန်မာဆန်ပေသည်။

* ရွာဦးစေတီ
ဘုရားဆီသို့
သွားစို့များနော်
ရွှင်ပျော်လက်တွဲ
ထမနဲဆွမ်း
ကပ်လှူဒါန်းရန်
စိတ်နှလုံးလှောက်နေကြသည်။

* လူတန်းကြီးလည်း ရှည်လျားဆဲပါ
ထမနဲပွဲ လှုတိုင်းကိုယ်စီပါ။
တို့တောရွာလည်း အမြဲသာယာ။ ။

**ခင်မောင်(ငါန်းဇွန်)**

# အထက(၂၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ ၁၉၇၈-၁၉၇၉ ခုနှစ်၏ အာစရိယပူဇော်ပွဲအခမ်းအနား

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၄၁ လမ်းမကြီးနံဘေးရှိ အထက(၂၄)ကျောင်းတော်အား ၁၉၆၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဆရာဝန်ကြီး ဦးလွင်၊ ဆရာမကြီး ဒေါ်အေး (အေး ဆေးတိုက်) မိသားစုက ကနဦး နှစ်ထပ်အုတ်တိုက်ကျောင်းဆောင်ကြီးတစ်ဆောင်ကို လှူဒါန်းထားခဲ့ကာ စိန်ပန်းနှင့်အနီးဝန်းကျင်ရပ်ကွက်များသာမက ဈေးအနောက်ဘက်ကမ်းရှိ ဖိုးလကုန်း၊ ခမ္မကျ၊ ခိုတောင်ချောင်းပေါက် စသည့်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများသည်လည်း ကျောင်းတော်ကြီးသို့ ဧရာဝတီမြစ်ကို ဖြတ်ကူးကာ နေ့စဉ်လာရောက် ကျောင်းတက်ကြသည်။ အထက်တန်းကျောင်းတစ်ကျောင်းဖြစ်၍ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ကျောင်းဟုဆိုကာ တန်ဖိုးထားမြတ်နိုးခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တုတ်တုတ်က စည်းကမ်းကြီးလွန်းကြောင်း နာမည်ရ၏။ ကျောင်းဝင်းသည် ယခင်က သစ်လုံးများ စိမ်သည့်ကန်ကြီးတစ်ခုဖြစ်ခဲ့ခြင်း၊ ဝန်းကျင်ရပ်ကွက်နေအိမ်များက ရေဆိုးများကို ထိုကန်ကြီးအတွင်းသို့ စွန့်ပစ်ကြခြင်းကြောင့် မိုးတွင်း ရေဝင်လျှင် တံတားထိုး လှေလှော်၊ လှေစီးကြရ၏။ ထို့ကြောင့် ကိုယ့်ရေ ကိုယ့်ကျောင်းဟုဆိုရခြင်း ဖြစ်သည်။ ကျောင်းစတင်ဖွင့်လှစ်ခဲ့စဉ်က ထိုရေများကို ၄၁လမ်းတောင်ဘက်ခြမ်း ကျောင်းမျက်နှာစာ ကွင်းပြင်မှတစ်ဆင့် သင်္ဘောချောင်းအတွင်းသို့ စွန့်ထုတ်နိုင်ရန် ကြိုးပမ်းကြရပြီး ဆရာ၊ ဆရာမများမှာ အလှည့်ကျ ဂျူတီဖြင့် စောင့်ကြည့်ရေစုပ်ထုတ်ခဲ့ကြရသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင်ကား စိန်ပန်းမြေတွင် ပညာရည်နို့သောက်စို့ခဲ့ကြ၍ ဆရာ၊ ဆရာမများ၏ ပြုစုပျိုးထောင်မှုဖြင့် ဝေဆာပွင့်ဖူးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၇၈-၁၉၇၉)ပညာသင်နှစ်က အာစရိယပူဇော်ပွဲအခမ်းအနားတစ်ရပ်ကို မန္တလေးမြို့၊ ၆၅လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြားရှိ "ရွှေဝါးအိမ်" စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

စိန်ပန်းကျောင်းဝင်းကြီးထဲတွင် ကုက္ကိုပင်ကြီးများရှိ၏။ ကုက္ကိုပင်မှပွင့်သည့် ကုက္ကိုပွင့်များအကြောင်းကိုတော့ အထူးစာမဖွဲ့လိုပေမယ့် စည်းကမ်း ရေခံမြေခံကောင်းမွန်သော ကျောင်းတော်မှ ထိုကုက္ကိုပွင့်များနှယ် ပင်လုံးကျွတ် ဝေဆာပွင့်ဖူးခဲ့ကြပြီဖြစ်သည့် ၁၉၇၈-၁၉၇၉ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများအကြောင်းကိုတော့ စာဖွဲ့လိုပါသည်။

ယခုအချိန်တွင် ဆရာဝန်၊ အင်ဂျင်နီယာ၊ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများ အသီးသီးဖြစ်နေကြပြီကို မြင်တွေ့ကြရသည်။ စာတတ်ပေတတ်အောင် သင်ကြားပြသပေးခဲ့ကြသူ ဆရာကြီး၊ ဆရာမကြီးများမှာ သူတို့ကိုကြည့်၍ ပီတိတွေဖုံးတပြုံးပြုံးနှင့်ပင် ဆရာကြီး၊ ဆရာမကြီးများကား အသက် ၈၀ ကျော် ၉၀ အတွင်းတပည့်များကား အသက် ၆၀ ကျော်အတွင်း ဆံပင်တွေဖြူနေပေမယ့်လည်း ငယ်မငယ်သွေး မပျောက်ကြ။ "ပူဇာစပူဇနေယျာနံ"ဟူသည့် ဘုရားဟောနှင့်အညီ မင်္ဂလာနှင့်ပြည့်စုံလှပါပေ၏။

ပွဲအခမ်းအနားကို အင်ဂျင်နီယာဦးသိန်းဇော်(TZ Construction) က ရိုးသားစွာပင် လက်အုပ်ချီမိုးကန်တော့ကြိုးဆင်ဖွင့်လှစ်ပေးခဲ့ပြီး တပည့်အားလုံးကန်တော့ပြီးချိန်တွင် ကန်တော့ခံဆရာကြီး ဦးစိန်မိုး (၁၀ တန်း သင်္ချာဆရာ)က မိမိအနေဖြင့် တပည့်များကို မျက်နှာမလိုက် ချမ်းသာဆင်းရဲ စာတော်စာညံ့မရွေး သင်ကြားပေးခဲ့ကြောင်း၊ ယခုလို ပြန်လည်တုံ့ပြန်ကျေးဇူးဆပ်ကြမည်ဟု မထင်မြင်မိခဲ့သော်လည်း ယခုကဲ့သို့ ကန်တော့ခံရခြင်းကို ဝမ်းသာ၍ ကျေးဇူးအထူးတင်ကြောင်း အမှတ်တရဩဝါဒစကားပြောကြားခဲ့သည်။

ဒုတိယဩဝါဒစကားပြောကြားပေးသူမှာ ဒေါ်အေးရွှေ(အေးအေးခိုင်-ပညာရေး)ပင်ဖြစ်သည်။ ဆရာမကြီးက ကျောင်းစတင်ဖွင့်လှစ်ပြီး နှစ်နှစ်ခန့်အကြာတွင် ရောက်ရှိလာသူဖြစ်၍ ထိုစဉ်ကာလ ခက်ခဲခဲ့သည့်အခြေအနေများ ကျော်ဖြတ်ခဲ့ရပုံများကို အမှတ်တရ ပြောကြားခဲ့သည်။

ထို့နောက် ဆရာဦးပြေအေး(သိပ္ပံသင်ဆရာကြီး)ဖြစ်ပြီး တပည့်များ စီးပွားရေး၊ လူမှုရေးရာ လိုက်နာကျင့်ကြံနိုင်ရန် ရှေးက ဥပဒေသ (၃)ရပ် ၁။ ကုန်ရအောင်ဝယ်၊ လက်ထဲမထားနဲ့ ချက်ချင်းထုတ်ရောင်း ၂။ ပေးသူပေး မပေးသူကို မပေးနဲ့ ၃။ ပေးပေး မပေးပေး ပေးကို လက်ဆင့်ကမ်းဝေမျှခဲ့ပြီး မိမိတို့အသက်အရွယ်မှာ အိမ်တွင်းအောင်းရသည့် အခြေအနေဖြစ်သဖြင့် တပည့်များက ယခင်နှစ်တွေကပင် ဦးပိန်တံတားထိပ်၊ ကုက္ကိုကျွန်းစားသောက်ဆိုင် စသည့် မြို့၏အနီးဝန်းကျင်နေရာများသို့ ဒေသန္တရဗဟုသုတအလို့ငှာ ခေါ်ဆောင်ကာ အာစရိယပူဇော်ပွဲပြုလုပ်ပေးခဲ့ကြခြင်းအပေါ် ကျေနပ်ဝမ်းမြောက်ရကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

ဆရာကြီးဦးထွန်းကြဲ(၁၀တန်းဓာတုဗေဒသင်ဆရာ)ကား စိန်ပန်းကျောင်းကို ဦးဆောင်တည်ထောင်သူ ဖောင်ဒါစာရင်းဝင်တစ်ဦးပီပီ ရေများစုပ်ထုတ်ရန် စက်သုံးဆီဝယ်ယူရပုံ၊ ကျောင်းအဆောက်အအုံအတွက် လိုအပ်သည့်သစ်များကို ပျဉ်းမနားသို့ပင် သွားရောက်ဝယ်ယူသယ်ယူခဲ့ရပုံ၊ မိုးထဲရေထဲတွင် ဆရာကြီးဦးပြေအေး ဓာတ်လိုက်ခဲ့ရပုံများကို ပြန်လည်ပြောကြားခဲ့ချိန်တွင် နံဘေးမှ ဆရာကြီးဦးပြေအေးက ပြုံးတုံ့တုံ့နှင့် သိမီလိုက်သူကျောင်းသားအချို့က ဆရာကြီး လှေလှော်လှေမှောက်ပုံတွေ ပြောပြပါဦးဟု အားပေးကြရာ ဆရာကြီးက ပြောမဆုံးပေါင်ဖြစ်နေ၍ သူ့နံဘေးရှိ ဆရာကြီး၏ဇနီး ဒေါ်ခင်သိန်းဆွေ(၁၀တန်း ဇီဝဗေဒသင်ဆရာမ)က တော်တော့ဟုပင် ဟန့်တားယူရသည်။ ဆရာတပည့်တွေ အပေးအယူမျှစွာ စားမြုံ့ပြန်ကြခြင်းပင်။

နောက်ဆုံးအနေဖြင့် ဆရာမဒေါ်ဝေဝေ(၁၀တန်း ရူပဗေဒသင်ဆရာမ)က တပည့်များကို နောင်တွင် ယခုထက်ပို၍ စီးပွားလာဘ်လာဘများ တိုးတက်စေကြောင်း၊ ကျန်းမာချမ်းသာကြပါစေကြောင်း တောင်းဆုပြုခဲ့သည်။ ဤနေရာတွင် တစ်ခုကြော်ငြာဝင်လိုပါသည်။ ၁၉၇၈-၇၉ခုနှစ် ၁၀တန်း(A) အတန်းပိုင်ဆရာမသည် ဒေါ်ဝေဝေဖြစ်ပြီး ၄င်းနှစ် (A)တန်းတစ်တန်းထဲက အမျိုးသားစာပေဆုရ Best Seller စာရေးဆရာမ ခင်ခင်ထူး၊ စာရေးသူကျွန်ုပ်မ ငယ်ဦး(စည်ပင်)နှင့် စိုင်းအောင်မိန်း(မိုတိုင်း)ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌဟူ၍ စာရေးဆရာ သုံးဦး ပေါ်ထွက်ခဲ့ခြင်းပင်။ (၁၀)တန်း မြန်မာစာပြ ဆရာမကား ကျွန်မ၏မိခင် ဆရာမဒေါ်သန်းမြင့် (ကွယ်လွန်) ဖြစ်ပါသည်။ ဂုဏ်ယူဖွယ်ကောင်းလေစွ။

ပွဲအခမ်းအနားပြီးဆုံးလျှင် ဦးသိန်းဇော်(အင်/ယာ TZ Construction)က ကျေးဇူးတင်စကားပြောကြားရာတွင် ဆရာကြီး၊ ဆရာမကြီးတို့၏ ငယ်စဉ်က ပညာသင်ကြားဆိုဆုံးမခဲ့မှုများကြောင့် မိမိတို့ဘဝတစ်လျှောက်လုံးတွင် လိုက်နာကျင့်ကြံ၍ ဘဝအခြေအနေ တိုးတက်မြင့်မားခဲ့ရသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ကျောင်းသားဟောင်းများကိုယ်စား ပြောကြားခဲ့ပါသည်။

ထို့နောက် စာရေးဆရာမ ခင်ခင်ထူးက မိမိတို့ကျောင်းနေစဉ်တစ်လျှောက်လုံး ဆရာ၊ ဆရာမများ အတန်းဝင်လာလျှင် မင်္ဂလာပါဟု နှုတ်ဆက်ကြပုံ၊ ဆရာ၊ ဆရာမများကလည်း မင်္ဂလာပါဟု ပြန်လည် နှုတ်ဆက်ကြပုံကို သမားရိုးကျဟုထင်ခဲ့သော်လည်း "မင်္ဂလာပါပံ လုနာတိ စိန္တ ဒီတိ မင်္ဂလံ" "မကောင်းမှုကိုဖယ်ရှားကောင်းမှုကို ဆောင်နိုင်ကြပါစေ"ဟု ယခုကြီးပြင်းလာချိန်တွင်မှ အဓိပ္ပာယ်လေးနက်ပုံကို သိရှိရပါကြောင်း၊ ယခုအချိန်တွင် အနှစ် ၄၀ ကျော်ခဲ့ပြီဖြစ်သော်လည်း မိမိတို့အား သင်ကြားပြသခဲ့ကြသော ဆရာ၊ ဆရာမကြီးများကိုလည်း ရင်ထဲ၌ အမြဲတမ်း သတိရနေပါကြောင်း၊ တစ်ဦးချင်း အမှတ်တရများကိုလည်း မှတ်မိနေကာ သူငယ်ချင်းများဆုံက ပြန်လည်ပြောကြားဖြစ်ပါကြောင်း၊ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများမှာ ၁။ ဦးစိန်မိုး၊ ၂။ ဦးပြေအေး၊ ၃။ ဦးထွန်းကြဲ၊ ၄။ ဒေါ်ခင်သိန်းဆွေ၊ ၅။ ဒေါ်ဝေဝေ၊ ၆။ ဒေါ်မြင့်မြင့်လွင်၊ ၇။ ဒေါ်အေးရွှေ၊ ၈။ ဒေါ်တင်တင်ရီ၊ ၉။ ဒေါ်မြင့်မြင့်၊ ၁၀။ ဒေါ်မြင့်မြင့်ဆွေတို့ဖြစ်ပြီး ပွဲဖြစ်မြောက်ရေး ဦးဆောင်စီစဉ်ကြိုးပမ်းကြသည့်ပုဂ္ဂိုလ်များမှာ ဦးသိန်းဇော်၊ ဦးအေးကျော်၊ ဦးကျော်ဝင်းဆင်၊ ဦးမြင့်ဆွေ၊ ဦးခင်မောင်ရီ စသူတို့ဖြစ်ပါသည်။

ဦးခင်မောင်ရီက အထက(၂၄) Old Student (၁၉၇၈-၁၉၇၉)ပညာသင်နှစ် Online Group စာမျက်နှာတွင် "အလွန်မင်္ဂလာရှိလှပါကြောင်း၊ ဆရာကြီး၊ ဆရာမကြီးများနှင့်တကွ တက်ရောက်လာကြသည့် သူငယ်ချင်းများအားလုံးကို ရင်ထဲက လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိကြောင်းနှင့် နောင်နှစ်တိုင်းတွင်လည်း ယခုလို စိတ်တူကိုယ်တူ ထပ်မံတွေ့ဆုံကြပါစို့ဟု တိုက်တွန်းဖော်ပြထားသည်ကို တွေ့ရပါသည်။

ပွဲစီစဉ်သူတို့က ကျောင်းသား၊ ကျောင်းသူဟောင်း ၄၀ ကျော်၏ အလှူငွေထည့်ဝင်လှူဒါန်းမှု ရရှိငွေကျပ် ၅၃ သိန်းအား ပွဲအခမ်းအနားကုန်ကျစရိတ်အပါအဝင် မည်သည့်ကုန်ကျစရိတ်ကိုမျှ အသုံးမပြုဘဲ ဆရာကန်တော့ရန်အတွက်သာ အသုံးပြုကြသဖြင့် ဆရာ၊ ဆရာမကြီးများတစ်ဦးလျှင် ငွေကျပ်(၅ ဒသမ ၃)သိန်းစီ ရရှိကြပြီး တစ်ဦးချင်း လက်ရောက်သီးသန့်ထပ်မံလှူဒါန်းကြသူများလည်း အများအပြားရှိကြရာ စုစုပေါင်း ငွေကျပ်(၆ ဒသမ ၁)သိန်းစီ လက်ခံရရှိကြပါသည်။ ထို့ပြင် အင်/ယာဦးသိန်းဇော်က တက်ရောက်လာသူအပေါင်းအား ဝါးရုံအိမ်စားသောက်ဆိုင်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပါသည်။

အထက(၂၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ(၁၉၇၈-၁၉၇၉)၏ အာစရိယပူဇော်ပွဲမှာ စိန်ပန်းမြေက ကျောင်းသား၊ ကျောင်းသူများ ပီသစွာပင် ပကာသန စိုးစိမ့်မျှမပါ ရေလောင်းပေါင်းသင်းချစ်ခင်ကြသူများ၏ ဂုဏ်ကျေးဇူးကို သိမြင်သူများနှင့် တပည့်အပေါင်း၏ အောင်မြင်မှုကို ဝမ်းမြောက်ပီတိစားသုံးနိုင်ကြသူ ဆရာများ၏ မင်္ဂလာရှိသော နေ့လေးတစ်နေ့ပင်ဖြစ်ပါတော့သည်။

**ငယ်ဦး(စည်ပင်)**

## မန္တလေး၊ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူ ပါမောက္ခချုပ်ဆရာကြီးဦးမြင့်ဆွေ ကွယ်လွန်ခြင်း (၁၂)နှစ်ပြည့် အမှတ်တရပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေး၊ ရန်ကုန်မြို့တို့၌ ဗုဒ္ဓတက္ကသိုလ်တည်ထောင်ခဲ့သော ပါမောက္ခချုပ်ဆရာကြီးဦးမြင့်ဆွေ ကွယ်လွန်ခြင်း (၁၂)နှစ်ပြည့် အထိမ်းအမှတ်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အမှတ်တရတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ ဇန်းမော်ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓတက္ကသိုလ်ခန်းမဆောင်တွင် ကျင်းပသည်။

နံနက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် လက်ရှိတက်ရောက်ဆဲ ကျောင်းသား၊ ကျောင်းသူများက တွေ့ဆုံပွဲကို ကျင်းပပြီး တည်ထောင်သူ ဆရာကြီးနှင့် ပတ်သက်သော အမှတ်တရအကြောင်းအရာများကို ရွှတ်ဖတ်ပြောဆိုကြသည်။

မွန်းလွဲ ၁ နာရီတွင် မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော်ကြီးများ၊သင်ကြားစီမံဆရာတော်များ၊ ကထိကဆရာတော်များ ကြွရောက်ပြီး မန္တလေး၊ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်တည်ထောင်ခဲ့သူ ပါမောက္ခချုပ်ဆရာကြီးဦးမြင့်ဆွေနှင့်ပတ်သက်၍ အမှတ်တရ ဩဝါဒစကားများ မိန့်ကြားကာ ဆရာကြီး၏ ဇနီးနှင့် ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ကပ်လှူကြသည်။

အမှတ်တရပွဲသို့ တက်ရောက်လာကြသော သံဃာတော်များအား အမရပူရမြို့၊ ကျုံတန်းရပ်နေ ဦးမောင်မြင့်+ဒေါ်သန်းသန်းနွယ် မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။



မန္တလေး ဗုဒ္ဓတက္ကသိုလ်ကို ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၃၂)

# နိုင်ငံတကာ အားကစား သတင်းများ

## မူဟာရီမိုဗစ်အား ခေါ်ယူရန် မန်ယူအသင်း စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၁**

မန်ယူအသင်းသည် ဆက်ဆူအိုလိုအသင်း နောက်ခံကစားသမား မူဟာရီမိုဗစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် ဆက်ဆူအိုလိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား မူဟာရီမိုဗစ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ သွားရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ဆက်ဆူအိုလိုအသင်းထံမှ မူဟာရီမိုဗစ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ယာပုံ) (NGB)





## ပါကွီတာ ဖလာမင်ဂိုအသင်းတွင် ကျောနံပါတ်(၂၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဖေဖော်ဝါရီ ၁**

ကွင်းလယ်ကစားသမားသစ် ပါကွီတာ ဖလာမင်ဂိုအသင်းတွင် ကျောနံပါတ် (၂၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းမှ ဖလာမင်ဂိုအသင်းသို့ ပြောင်းရွှေ့ကြေး ၃၅ ဒသမ ၅သန်းဖြင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ရောက်ရှိလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ပါကွီတာသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၉ပွဲကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖလာမင်ဂိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ပါကွီတာက "ကျွန်တော် ဖလာမင်ဂိုအသင်းမှာ ကျောနံပါတ် (၂၀) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းကို အောင်မြင်မှုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## နည်းပြ ဂီလာဒီနို ပီဇာအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**တူရင် ဖေဖော်ဝါရီ ၁**

စီးရီးအေကလပ် ပီဇာအသင်းသည် လက်ရှိအချိန် ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဂီလာဒီနိုအား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ပီဇာအသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၂၃ပွဲကစားအပြီးတွင် ရမှတ် ၁၄ မှတ်ဖြင့် အဆင့် ၂၀နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားခြင်းကြောင့် နည်းပြ ဂီလာဒီနိုအား ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဂီလာဒီနိုသည် ပီဇာအသင်းအား ၂၀၂၅ ခုနှစ်၊ ဇွန် ၂၆ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၅ပွဲတွင် ၁ပွဲနိုင်၊ ၁၂ပွဲ သရေ၊ ၁၂ပွဲ ရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ဂီလာဒီနိုအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ပီဇာအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)




## ဖရင်းပေါင် ပေါင်ခြံဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်

**လန်ဒန် ဖေဖော်ဝါရီ ၁**

လီဗာပူးအသင်း နောက်ခံကစားသမား ဖရင်းပေါင်သည် ပေါင်ခြံဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်ခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါနောက်ခံကစားသမားသည် လီဗာပူးအသင်းက ကွာရာဘတ်အသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ (အောက်ဝဲပုံ)



နောက်ခံကစားသမား ဖရင်းပေါင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်း ခံစစ်ပိုင်းအတွက် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဖရင်းပေါင်သည် လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ပါဘလိုမာရင် ဆိုစီဒက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဖေဖော်ဝါရီ ၁**

ဆိုစီဒက်အသင်းသည် အသင်းကွင်းလယ်ကစားသမား ပါဘလိုမာရင်အား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။ (ယာပုံ)



အဆိုပါ ကွင်းလယ်ကစားသမားသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၆ပွဲကစားကာ သုံးဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ပါဘလိုမာရင်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ထုတ်ပြန်သည်။ (NGB)

| ဘောလုံးသတင်းအတိုအထွာများ | |
|---|---|
| ဘောလုံး သတင်း အတို အထွာ များ | * ခရစ္စတယ်ပဲလေ့စ်အသင်းသည် အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး ဂူးစ်ဆန်းအား ရာသီကုန်အထိအငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။<br>* တိုရီနိုအသင်းသည် နာပိုလီအသင်း နောက်ခံကစားသမား လူကာမာရီယာနူချီအား ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ (NGB) |

## အသင်းလက်မဲ့ဖြစ်နေသော စတာလင်အား ခေါ်ယူရန် ဖူလ်ဟမ်အသင်း စီစဉ်

**လန်ဒန် ဖေဖော်ဝါရီ ၁**

ဖူလ်ဟမ်အသင်းသည် ချဲလ်ဆီးအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တောင်ပံကစားသမား စတာလင်အား ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ စတာလင်သည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ မန်စီးတီး၊ ချဲလ်ဆီး၊ အာဆင်နယ်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

တောင်ပံကစားသမား စတာလင်ကလည်း ဖူလ်ဟမ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် စတာလင်အား ဖူလ်ဟမ်အသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## 2026 Australian Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Elena Rybakina ဆွတ်ခူး

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၁**

ဩစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကာဇက်စတန်တင်းနစ်မယ် Elena Rybakina က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကာဇက်စတန် တင်းနစ်မယ် Elena Rybakina သည် 2026 Australian Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဘီလာရုတင်းနစ်မယ် Aryna Sabalenka အား ၆-၄၊ ၄-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက် (၂၆)နှစ်အရွယ်ရှိ Elena Rybakina က "ကျွန်မ အခုလို 2026 Australian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၂-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁၁)ဆန်းဒါးလန်း - ဘန်လေ(၁၉)<br>(D,L,W,W,L) (L,D,W,D,D) | ဆန်းဒါးလန်း ၀-၀ ဘန်လေ<br>ဘန်လေ ၄-၁ ဆန်းဒါးလန်း |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၂-၂၀၂၆<br>နံနက်၀၂း၁၅နာရီ | (၁၀)အူဒီးနီစ် - ရိုးမား(၄)<br>(L,W,D,L,W) (L,W,W,D,D) | အူဒီးနီစ် ၁-၂ ရိုးမား<br>ရိုးမား ၃-၀ အူဒီးနီစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၃-၂-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁၈)မာယော့ကာ - ဆီဗီလာ(၁၃)<br>(D,L,L,W,L) (L,L,L,D,W) | မာယော့ကာ ၀-၀ ဆီဗီလာ<br>ဆီဗီလာ ၁-၁ မာယော့ကာ |

# UE Export Import Company Limited

**(ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)**

**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

**အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့်၇၄(A)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**

**အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၀၈/၂၀၂၅-၂၀၂၆) (၀၂-၀၂-၂၀၂၆)**

**အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း**

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် မြေနှင့်အဆောက်အအုံများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် - (၂၄-၀၂-၂၀၂၆)

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် - နံနက် (၉:၀၀)နာရီ။

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေရာ - ကျားခေါင်းဘိလပ်မြေစက်ရုံ တောင်တော်ကွင်း၊ ကျောက်ဆည်မြို့။

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**Auction 08/01**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဇရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၅,၀၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးသောင်းတိတိ)**

**မှတ်ချက်။** **ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြီရှင်ထံတွင် ရှိပါသည်။**

(၂) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ သံရွာကျေးရွာအုပ်စု၊ တောင်တော်ကွင်း၊ ဇရိယာ(၈၀ ဒသမ ၇၁)ဧကရှိ လန/၃၉ စက်ရုံမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၈,၈၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းရှစ်သောင်းရှစ်ထောင်တိတိ)**

**မှတ်ချက်။** **ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ မြဝတီဘဏ်ထံတွင် ရှိပါသည်။ (အပေါင်ရွေးနုတ်ခွင့်ကို ရောင်းချခြင်းဖြစ်ပါသည်။)**

(၃) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာ၊ ကျွဲနဖားတောင်၊ ဇရိယာ(၂၃ ဒသမ ၈၁)ဧကရှိ လန/၃၉ စက်ရုံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၇,၃၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းခုနစ်သောင်းသုံးထောင်တိတိ)**

**မှတ်ချက်။** **ပိုင်ဆိုင်မှုစာရွက်စာတမ်း လန/၃၉ မိတ္တူသာ ရှိပါသည်။**

**Auction 08/02**

(၄) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ သံရွာကျေးရွာအုပ်စု၊ တောင်တော်ကွင်း၊ ဇရိယာ(၃၉ ဒသမ ၄)ဧကရှိ OA (အခြားမြေ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၃,၁၀၀,၀၀၀,၀၀၀/-)(ကျပ်သိန်းသုံးသောင်းတစ်ထောင်တိတိ)**

(၅) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ တောင်တော်ကျေးရွာအုပ်စု၊ နောင်ခမ်းကွင်း၊ ဇရိယာ(၁၀ ဒသမ ၉၄)ဧကရှိ ယာမြေ(သရက်ခြံ)နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၃၆၀,၀၀၀,၀၀၀/-)(ကျပ်သိန်းသုံးထောင့်ခြောက်ရာတိတိ)**

(၆) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်(၅၆၂)၊ ဇရိယာ(၂ ဒသမ ၀၈)ဧကရှိ ယာမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၂၁၀,၀၀၀,၀၀၀/-)(ကျပ်သိန်းနှစ်ထောင့်တစ်ရာတိတိ)**

(၇) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ အကွက်အမှတ်(၅၆၂)၊ ဇရိယာ(၂ ဒသမ ၆၄)ဧကရှိ ယာမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၂၇၀,၀၀၀,၀၀၀/-)(ကျပ်သိန်းနှစ်ထောင့်ခုနစ်ရာတိတိ)**

(၈) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကျွဲနဖားတောင်၊ ဇရိယာ(၁)ဧကရှိ မြေနုကျွန်းမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၊

**လေလံကြမ်းခင်းဈေး** **ငွေကျပ်(၇၀,၀၀၀,၀၀၀/-)(ကျပ်သိန်းခုနစ်ရာတိတိ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည်မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် (၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာ၌ ပါလာသည့်ရက်မှစ၍ (၁၉-၀၂-၂၀၂၆)ရက်အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့်ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ Auction 08/01, 08/02 အတွက် သမာဓိအာမခံကြေးငွေ (Earmest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-) (ကျပ် သိန်းနှစ်ထောင်တိတိ)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၀၃-၀၂-၂၀၂၆)ရက်မှ (၂၀-၀၂-၂၀၂၆)အတွင်း UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄) ၁၁၅လမ်းနှင့်၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ငွေသားဖြင့် ပေးသွင်းရမည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၂၄-၀၂-၂၀၂၆)တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း(သို့မဟုတ်)တရားဝင်ကိုယ်စားလှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့်မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၀၃-၀၂-၂၀၂၆)ရက်မှ (၁၉-၀၂-၂၀၂၆)အထိ ရုံးချိန်အတွင်း ကျွဲဆည်ကန်ရုံးတွင် ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

**ဖုန်း 09-758211117, 09-758211118, 09-758211119**

**ဒေါ်ချိုချိုမြင့်**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**ဥက္ကဋ္ဌ**

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**

**UE Export Import Company Limited**

**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်အမှတ်(၂၁)၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးအောင်ကြည် (ဘ)ဦးအုန်းတင်(၉/မနတ(နိုင်)၀၁၀၄၇၇) အမည်ဖြင့် ချထားရရှိသောမြေကွက်၏ မြောက်ဘက်အစွန်ဆုံးခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးထွန်းလင်း (ဘ)ဦးခင်မောင်ကြည်(၉/ပကခ(နိုင်)၀၀၉၇၃၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-N)၊ ဦးပိုင်နံပါတ်(၆-ခ)အတွင်းမှ ရောင်းချသူ လက်ရှိပိုင်ဆိုင်သော မြေဧရိယာပေ(၂၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်အေးအေးခိုင်(ဘ)ဦးဘင်ဗဟာဒူး(၉/မကန(နိုင်)၁၂၄၈၉၀)မှ ကျွန်ုပ်တို့၏ မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်ဝေဖြိုး (LL.B) ဒေါ်ချိုစင်ဝေဖြိုး (LL.M)**
**တရားလွှတ်တော်ရှေ့နေများ**
**နေဝင်းတိုက်ခန်း၊ အခန်းအမှတ်(၄၀)၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ အောက်ကမ်းနားလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၅၁၆၅၅၂၊ ၀၉–၉၆၇၂၇၀၉၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အမှတ်(လလ-၁)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား ဒေါက်တာ စိန်မြင့်(ဆေးရုံအုပ်ကြီး)မန္တလေးမြို့ အမည်ဖြင့် ချထားပေးခဲ့ပြီး ဦးအောင်လင်း(ဘ)ဦးသိန်းဖေ(၇/ရတရ(နိုင်)၀၈၈၂၁၅)ထံ လွှဲပြောင်းရောင်းချခဲ့ပါသည်။ ယခုအခါ ဦးအောင်လင်းမှ ကျွန်ုပ်၏မိတ်ဆွေထံ လွှဲပြောင်းရောင်းချရာ ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးသီဟဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၄၇၅၈၁)**
**မြစ်လောင်းရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉–၂၅၆၁၈၀၀၃၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် တပ်ကြပ်ကြီး မြသောင်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ (၀ ဒသမ ၀၄၆၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြသောင်း(၉/မထလ(နိုင်)၀၁၂၂၃၅)ထံမှ ကျွန်တော် ဦးဌေးဇော်နှင့် ဦးဝင်းဦးတို့နှစ်ဦးက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်တော်၊ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဦးဌေးဇော်(ဘ)ဦးဝင်းရွှေ (၈ /ပမန(နိုင်)၁၂၅၆၂၅)**
**၂။ ဦးဝင်းဦး(ဘ)ဦးထွန်းငြိမ်း(၈/မမန(နိုင်)၁၄၄၆၇၀)**
**၆၅(B)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးညီညီနှင့် ဦးဆွေဦးတို့ အမည်ဖြင့်ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကေသွယ်မြင့် (ဘ)ဦးသိန်းမြင့်(၉/မခန(နိုင်)၁၄၉၁၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်နံပါတ်(၆-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်သိန်း အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီလာရွှေ(ခ)ဒေါ်လီလာဗတီ (ဘ)ဦးဟာရီခရစ်ရှ်နာ(ခ)ဦးအေးရွှေ(၉/မနတ(နိုင်)၀၀၇၄၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်နံပါတ်(၁၃၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးခွေးမောင် အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ (ခင်ပွန်း)ဦးကျော်ရှိန် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး) ဒေါ်ပန်းမြိုင် (ဘ)ဦးမြဒင်(၉/မရမ(နိုင်)၀၂၉၀၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၄)၊ ဦးပိုင်နံပါတ်(၁၈-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၄၈၀)ဧက အကျယ်အဝန်းရှိ ဦးဝင်းနှင့် ဒေါ်သန်းမေတို့ ပူးတွဲအမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ခဲစင်းပြမြေဧရိယာ (၀ ဒသမ ၀၂၄၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းရှုံ့ဟွမ် (ဘ)ဦးအိုက်ဟောင်(၁၃/ကတန(နိုင်)၀၀၀၉၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဝေဖြိုးသူ (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ကောင်းစုဝမ်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပတ်ကုန်းပျော်ဘွယ်ရပ်နေ (ဘ) ဦးသိန်းအောင်၏ သား **ဦးဇော်မင်း** နှင့် **ဦးမင်းဇော်** သည် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဝန်ထမ်းစိစစ်ရေးကတ်ပြား အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်မင်း(ခ)ဦးမင်းဇော်**
**၉/မတရ(နိုင်)၁၈၆၇၀၁**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၆)၊ ဦးပိုင်အမှတ်(၄၆)၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဒေါ်အေး အမည်ပေါက်တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၂၆၅/ ၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဦးညီညီလွင်၊ ဒေါ်ချိုချိုမြင့်၊ ဒေါ်မာမာဝင်း၊ ဒေါ်မြင့်မြင့်သိန်းတို့၏ (SP ရရှိသူ ဦးမျိုးထွန်းတင့်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၀၃၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဒေါ်ကျန်ရှုရက်(ခ)ရွှေရွှေမြင့်(၁/မကန(ဧည့်)၀၀၁၆၉၂)၊ ဒေါ်ရွှေရွှေလှ(ခ)ကျန်ရှုရင်(၁/မကန(ဧည့်)၀၀၁၅၈၇)၊ ဒေါ်ရွှေရွှေအိ(ခ)ကျန်းရှုကျင့်(၁/မကန(ပြု)၀၀၀၃၇၂)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၄၉၈၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝရန်လို...

❖ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်နိုင်ကြရန်အရေးကြီး...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ မြို့တော်ခန်းမ အဆောက်အအုံသစ်တွင်ပြုလုပ်သော ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မန္တလေး)၌ စာသင်ဆောင်များ၏ ပြုပြင်ပြီးစီးမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တွေ့ခန်းများ၊ အလုပ်ရုံ၊ စာကြည့်တိုက်၊ အားကစားခန်းမနှင့် ကျောင်းသား ကျောင်းသူအဆောင်များကို လည်းကောင်း၊ ဘောလုံးကွင်းတည်ဆောက်ရန် လျာထားမြေနေရာကိုလည်းကောင်း သွားရောက်စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကာ ပင်မဆောင်နှင့် စာသင်ဆောင်များ ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ ဥပမိရပ်ကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် အရည်အချင်းပြည့်ဝသော နိုင်ငံတော်ကိုအကျိုးပြုနိုင်မည့် ပညာရှင်များ မွေးထုတ်နိုင်ရေး၊ သုတေသန ဆောင်ရွက်နေမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို မှာကြားပြီး ဆရာ ဆရာမ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)ရှိ ကျောင်းသူအဆောင် ဆောက်လုပ်မည့်မြေနေရာ၊ ဒုတိယ ပါမောက္ခချုပ်နှင့် ပါမောက္ခများအတွက် အိမ်ရာ ဆောက်လုပ်မည့်မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၌ ကျောင်းသား ကျောင်းသူများ၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခင်းကျင်းပြသထားသော သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ဘက်စုံထူးချွန်သော အင်ဂျင်နီယာ ပညာရှင်များနှင့် ဆန်းသစ်တီထွင်သော သုတေသီများဖြစ်အောင် ရည်မှန်းဆောင်ရွက်သွားရေး၊ လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများကို စနစ်တကျအသုံးချရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပရီးမီးယားလိဂ် ပွဲစဉ်(၂၄)တွင် မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ၊ စပါးနှင့် မန်စီးတီးတို့ တစ်ဖက် နှစ်ဂိုးစီ သရေကျ

**လန်ဒန် ဖေဖော်ဝါရီ ၁**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၄)တွင် မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို အနိုင်ရရှိပြီး စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ကက်စီမီရို၊ ပွဲချိန် ၅၆ မိနစ်တွင် ကွန်ညာနှင့် ပွဲချိန် (၉၀+၄)မိနစ်တွင် ဆက်စ်ကိုတို့က အသီးသီး သွင်းယူပေးခဲ့ကြပြီး ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၅မိနစ်တွင် ဂျီမီနက်ဇ်၊ ပွဲချိန် (၉၀+၁)မိနစ်တွင် ကီဗင်တို့က သွင်းယူပေးခဲ့ကြသည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီက စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယခုပွဲစဉ်တွင် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ပွဲစဉ်ပြီးဆုံးချိန်တွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၅၃မိနစ်နှင့် မိနစ် ၇၀တွင် ဆိုလန်ကီက သွင်းယူပေးခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၁မိနစ်တွင် ချာကီ၊ ပွဲချိန် ၄၄မိနစ်တွင် ဆီမီညိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၂၄) ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၄၇မှတ်ဖြင့် အဆင့်(၂)နေရာ၊ မန်ယူအသင်းက ရမှတ် ၄၁မှတ်ဖြင့် အဆင့်(၄)နေရာ၊ ဖူလ်ဟမ်အသင်းက ရမှတ် ၃၄ မှတ်ဖြင့် အဆင့်(၈)နေရာ၊ စပါးအသင်းက ရမှတ် ၂၉မှတ်ဖြင့် အဆင့်(၁၄)နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

(NGB)



၀-၀-၀-၀

## ပထမဆုံး ပရီးမီးယားလိဂ် သုံးပွဲဆက်အနိုင်ရရှိသည့် စတုတ္ထမြောက် အင်္ဂလိပ်နည်းပြအဖြစ် ရိုဆီနီယာ မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၁**

ချဲလ်ဆီးအသင်း နည်းပြ ရိုဆီနီယာသည် ဘော်ဘီဂူးလ်၊ ဆမ်အလာဒိုက်စ်၊ ရိုက်စပီးယားတို့ ပြီးနောက် ပထမဆုံး ပရီးမီးယားလိဂ် သုံးပွဲဆက်အနိုင်ရရှိခဲ့သည့် အင်္ဂလိပ်နည်းပြအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ရိုဆီနီယာသည် ချဲလ်ဆီးအသင်းအား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲစုံ ၇ ပွဲတွင် ၆ပွဲထိ အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။

**နိုင်ကမ္ဘာ**



ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာ ပါရှိသည်။

